မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်၊ ၂၀၀၇ ခုနှစ်၊ ဩဂုတ် ၂၁ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၆)၊ အမှတ် (၃၂၀)

အမျိုးသားညီလာခံ စုံညီအစည်းအဝေး ဆက်လက်ကျင်းပ

ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးချက်စာတမ်းများကို အမျိုးသားညီလာခံစုံညီ အစည်းအဝေး အလုပ်ကျသဘာပတိအဖွဲ့က ကောက်နုတ်စုစည်းတင်ပြ

ရန်ကုန် ဩဂုတ် ၂၀

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးချက်စာတမ်းများကို အမျိုးသားညီလာခံစုံညီအစည်းအဝေး အလုပ်ကျသဘာပတိအဖွဲ့က ကောက်နုတ်စုစည်း တင်ပြသည်။

တက်ရောက်

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲ မှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီ၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီနှင့် 'ဝ'အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်)ခမိ အမျိုးသား ညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ

စာမျက်နှာ ၃ ကော်လံ ၁ ●

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ အမျိုးသားညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြစဉ်။
(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

အမျိုးသားညီလာခံ ဆွေးနွေးအကြံပြုချက် စာတမ်းများကို ဆက်လက်ဖော်ပြသွားပါမည်

ရန်ကုန် ဩဂုတ် ၂၀

အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးအကြံပြုချက်စာတမ်းများအပေါ် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ကျသဘာပတိအဖွဲ့ဝင်များ ဖြစ်ကြသော ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်ကြီး၊ တိုင်းရင်းသား ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်လှ(ခေါ်) ဦးလှမြင့်၊ တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကံညွန့်နှင့် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကျော်ဝင်းထွန်းတို့ ဖတ်ကြားတင်ပြသည့်ကောက်နုတ်စုစည်းချက်များကို ဆက်လက် ဖော်ပြသွားမည် ဖြစ်ပါသည်။
(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဩဂုတ် ၂၁ ရက်)

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်မြှင့်တင်ကြိုးပမ်း

နိုင်ငံတော်က ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝကို မြင့်မားစေရန် ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၅)ရပ်ချမှတ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ကျေးလက်ဒေသများ ရေရရှိရေး၊ ကျေးလက်လမ်းများ ကောင်းမွန်ရေး၊ မိသားစုဝင်ငွေတိုးရေး၊ လူငယ်လူရွယ်များ ပညာသင်ကြားခွင့်ရရှိရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးတက်ရေး ကဏ္ဍများ ပါဝင်သည်။

နိုင်ငံတော်က ဖွင့်လှစ်ပေးထားသည့် မူလတန်းလွန်ကျောင်း၊ တွဲဖက်ကျောင်း၊ ကျောင်းခွဲများသည် အထူးသဖြင့် ကျေးလက်နေ ကျောင်းသားကျောင်းသူများအတွက် ပညာသင်ယူနိုင်ရန် အခွင့်အလမ်းကောင်းများပင် ဖြစ်သည်။

ထို့အပြင် ကျေးလက်ပြည်သူများ ဆက်သွယ်သွားလာရေး လုံခြုံချောမွေ့စေရန် ကျေးရွာချင်းဆက်၊ မြို့နယ်ချင်းဆက်၊ ခရိုင်ချင်းဆက်လမ်းများကိုလည်း တိုးချဲ့ဖောက်လုပ်ပေးလျက် ရှိသည်။

အချို့ဒေသများတွင် ကျေးလက်ဒေသ လျှပ်စစ်မီးလင်းရေး အစီအစဉ်များ၊ ဆက်သွယ်ရေး တယ်လီဖုန်းလိုင်းများကိုပါ တပ်ဆင်ပေးခဲ့၍ ကျေးလက်ပြည်သူများ၏ လူမှုဘဝသည် တိုးတက်ပြောင်းလဲ လာခဲ့သည်။

ကျေးလက်ပြည်သူများ၏ အဓိကစီးပွားရေးကို အထောက်အကူပြုသည့် ဆည်မြောင်း၊ တာတမံများ နိုင်ငံတော်က တိုးချဲ့တည်ဆောက်ပေးနေခြင်းကြောင့်လည်း ကျေးလက်ပြည်သူများ၏ လယ်ယာစီးပွားမှာ တိုးတက်မြင့်မားလာခဲ့ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်က ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်မြှင့်တင်ပေးလျက်ရှိရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်စေရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝိဇာတ မွေးနေ့နှင့် သိက္ခာထပ်မင်္ဂလာ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၀

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့ ဝေပုလ္လာရာမကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝေပုလ္လ၏ သက်တော် (၆၄)နှစ်ပြည့်ဝိဇာတမွေးနေ့ အလှူတော်မင်္ဂလာနှင့် (၈၄)ကြိမ်မြောက် သိက္ခာထပ်မင်္ဂလာ အခမ်းအနားကို ဩဂုတ် ၂၈ရက် (၁၃၆၉ ခုနှစ်၊ဝါခေါင်လပြည့်) အင်္ဂါနေ့ နံနက် ၅နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ ပင့်သံဃာ ၁၀၈ပါးတို့အား အရုဏ်မုန့်ဆွမ်း ဆက်ကပ်လှူဒါန်းမည် ဖြစ်သည်။

စည်ကားသိုက်မြိုက်စွာကျင်းပမည်

ထို့နောက် နံနက် ၆နာရီတွင် သက်တော်ရှည်ဆရာတော်ကြီး ငါးပါးတို့အား သီးသန့်လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ပူဇော်ကန်တော့၍ နံနက် ၇နာရီခွဲတွင် သိမ်ဝင်ခြင်းနှင့် နံနက် ၈နာရီတွင် သိမ်ထွက်ခြင်းမင်္ဂလာများ ကျင်းပပြီး နံနက်၈နာရီခွဲတွင် စိန္တာမယသိဒ္ဓိဗိမာန်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပမည် ဖြစ်သည်။

သို့ဖြစ်၍ ရပ်ဝေး၊ရပ်နီးမှ ဆရာတော်ကြီး၏ တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား ကြွရောက်ကြည်ညိုနိုင်ပါရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

တရုတ်နှင့်အီရန် ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်မည်

ဘစ်ရှိတ် ဩဂုတ် ၂၀

တရုတ်နှင့် အီရန်နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးတက် ဖြစ်ထွန်းရန် ဆောင်ရွက်ကြရေး တရုတ်သမ္မတဟူကျင်တောင်က ဩဂုတ် ၁၅ ရက်တွင် ပြောကြားလိုက်သည်။

အကျိုးအမြတ်ရှိသော ပူးပေါင်းဆောင်ရွက်မှုနှင့်နားလည်မှုများ ရှင်သန်တိုးပွားကာ နယ်ပယ်ကဏ္ဍ အသီးသီးတွင်သတင်းဆက်သွယ်ရေးနှင့်ဆက်ဆံမှုများပိုမိုဖြစ်ထွန်းရန် လုပ်ကိုင်ကြရမည်ဖြစ်ကြောင်း အီရန်သမ္မတအာမက်ဒီနီဂျက်နှင့် တွေ့ဆုံစဉ် တရုတ်သမ္မတဟူကျင်တောင်ကပြောကြားလိုက်သည်။

အသင့်ရှိ

ထို့အပြင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းဆောင်ရွက်ရန်နှင့် အနာဂတ်ကာလတွင် အပြန်အလှန်ဆက်ဆံရေးတိုးမြှင့်စေရန်အတွက် ချစ်ခင်ရင်းနှီးမှုကို အခြေခံပြီး စွမ်းအားပြည့်ပူးပေါင်းလုပ်ဆောင်ရန် တရုတ်နိုင်ငံက အသင့်ရှိကြောင်းလည်း တရုတ်သမ္မတဟူကျင်တောင်က ပြောကြားသည်။

အီရန်ကလည်း တရုတ်နိုင်ငံနှင့် ရေရှည် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားရန် မျှော်လင့်လျက်ရှိကြောင်း စွမ်းအင်၊ လျှပ်စစ်၊ ယဉ်ကျေးမှု၊ သိပ္ပံနှင့်နည်းပညာ၊ ဆက်သွယ်ရေးကဏ္ဍများတွင်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အီရန်သမ္မတက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကယ်လီဖိုးနီးယား ပြည်သူအများစု အီရတ်မှ တပ်ဖွဲ့ဝင်များ ပြန်ရုပ်သိမ်းလို

လော့စ်အိန်ဂျလိစ် ဩဂုတ် ၂၀

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်မှ မဲဆန္ဒရှင် ပြည်သူများက အီရတ်စစ်ပွဲအဆုံးသတ်ရေးအတွက် အမေရိကန်ဥပဒေပြုသူများအနေဖြင့် ကူညီဆောင်ရွက်ပေးရန်ဆန္ဒရှိကြောင်း ဩဂုတ် ၁၅ရက်က ပြုလုပ်သော ပြည်သူ့သဘောထား ကောက်ယူမှုတစ်ရပ်၌ ဖော်ပြသည်။

အဆိုပါ ပြည်သူ ၆၀ရာခိုင်နှုန်းက အီရတ်မှ အမေရိကန်တပ်ဖွဲ့များ ရုပ်သိမ်းရေးအတွက် နေ့ရက်အတိအကျသတ်မှတ်ရန် ကွန်ဂရက်က ဆောင်ရွက်ပေးစေလိုကြောင်း ဖော်ပြခဲ့ကြသည်။

ဆန္ဒပြု

ကယ်လီဖိုးနီးယားပြည်နယ်မှ ပြည်သူ ၄၀ ရာခိုင်နှုန်းက အီရတ်မှ အမေရိကန်တပ်ဖွဲ့ဝင်အချို့ကိုသာ ရုပ်သိမ်းရန် ဆန္ဒပြုခဲ့ကြသည်။ ကယ်လီဖိုးနီးယားပြည်နယ်တွင်သမ္မတဘုရှ်အား လူကြိုက်မှုမှာ ၂၆ရာခိုင်နှုန်း ရှိနေသည်။

မေးမြန်း

အဆိုပါလူထုသဘောထားစစ်တမ်းမှာယခုဩဂုတ်လအစောပိုင်းက လူပေါင်း ၁၀၀၀ကို မေးမြန်းခဲ့ခြင်းဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ရန် ကုန် တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းနေ ကွယ်လွန်သူ (ဦးအေးကို) နှင့် (ဦးသန်းလှ)အား ရည်စူး၍ ဦးအောင်မင်း၊ ဒေါ်သန့်သန့်မွန် မိသားစုက ငွေကျပ်တစ်သိန်းကို လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင် ဦးအေးကိုနှင့် ဦးဘချိုတို့က လက်ခံယူစဉ်။ (က–ပ)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၉ခုနှစ် ဝါခေါင်လဆန်း ၈ ရက် (ဥပုသ်နေ့)
၂၁–၈–၂၀၀၇ရက်(အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ ထုထည်ကြီးမား ထင်ရှားဧကန် ဓမ္မရုံ
- ၇:၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၈:၀၅ ၆။ ကဗျာပန်းဥယျာဉ်
- ၈:၁၅ ၇။ အဆိုပြိုင်ပွဲ
- ၈:၃၀ ၈။ International News
- ၈:၄၀ ၉။ Islands of Dhamma
- ၈:၅၀ ၁၀။ ဘဒ္ဒန္တဇောတိပါလ(အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက) နိုင်ငံတော်ဩဝါဒါစရိယ တွဲဖက် ရွှေကျင်သာသနာပိုင် သီရိမင်္ဂလာကြခတ်ဝိုင်းကျောင်းတိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းထံမှ နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန ပဉ္စမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ(ဒုတိယဆု) (အထက–၁၊သန်လျင်) [အမျိုးသားဝတ်ရွတ်အဖွဲ့]
- ၁၆:၅၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ဥပဒေပညာ အထူးပြု) [ဥပဒေပညာ]
- ၁၇:၀၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၇:၁၀ ၆။ ဆိုကြမယ် ပျော်ကြမယ်
- ၁၇:၅၀ ၇။ ၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ) [ဝါသနာရှင် ဒုတိယတန်းအဆင့်] (အမျိုးသား/အမျိုးသမီး)
- ၁၈:၀၀ ၈။ ညနေခင်းသတင်း
- ၁၈:၃၀ ၉။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၀။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၁၈:၅၀ ၁၁။ သတိပြုစရာ သွေးလွန်တုပ်ကွေးရောဂါ(အပိုင်း–၁)
- ၁၉:၀၅ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သောရွှေနေခြည်** (အပိုင်း–၅)
- ၂၀:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရေသူမလေးဒုတိယချစ်ပုံပြင်** (အပိုင်း–၃၈)
- ၁၇။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်

မြဝတီ ရုပ်မြင်သံကြား

၂၁–၈–၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၃၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၇။ ပညာခေတ်
- ၅:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၂။ လျှပ်တစ်ပြက်
- ၆:၄၀ ၁၃။ ဝတ်စားဆင်ယင် လှစေချင်
- ၇:၀၀ ၁၄။ ရုသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပဲပေါင်မုန့်** (အပိုင်း–၂၄)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ မွေးမြူသုတ
- ၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သေကံမရောက်** (အပိုင်း–၁၈)

● **ရှေ့ဖုံးမှ**

တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ ဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာန အသီးသီးတို့မှ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် တိုင်းရင်းသား အဖွဲ့အစည်းများဖြစ်ကြသော ရှမ်းပြည်နယ် (မြောက်ပိုင်း)အထူးဒေသ(၁)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၂)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၃)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅) (KDA)၊ ရှမ်းပြည်နယ် (တောင်ပိုင်း) အထူးဒေသ(၆)၊ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ကချင်ပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီအမျိုးသား ဒီမိုကရက်တစ်ပါတီ (KNDP) (နဂါး) အဖွဲ့၊ ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ(KNPP) ခွဲထွက်(ဟိုယာ)၊ ကရင်နီအမျိုးသား စည်းလုံးညီညွတ်ရေးပါတီ(ကမစည)၊ တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး (DKBA)၊ ဟောင်သရော အထူးဒေသအဖွဲ့၊ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ခဲ့ကြသည့် ကရင်ပြည်နယ်ဘားအံမြို့နယ် ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့၊ ဗမာပြည်ကွန်မြူနစ်ပါတီ (ရခိုင်အဖွဲ့)၊ ရခိုင်တပ်မတော်(AA) အဖွဲ့၊ ဟိုမိန်းဒေသ ဖွံ့ဖြိုးရေးနှင့် သက်သာချောင်ချိရေးအဖွဲ့၊ ရွှေပြည်အေး (MTA) အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့ (ချောင်ချိဒေသ) နှင့် မွန်(ခွဲထွက်) နိုင်စိုက်ချမ်းအဖွဲ့တို့မှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

အမျိုးသားညီလာခံ စုံညီအစည်းအဝေးမစတင်မီ နံနက် ၇နာရီခွဲမှ စတင်၍ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံစုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်လှ(ခေါ်)ဦးလှမြင့်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်း ကော်မတီမှ ဦးမျိုးသန့် (မောင်ဆုရှင်)၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးစောဖီးလစ်(ခ)ဦးဖီးလစ်ဆမ်၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်ကြီး၊ တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကံညွှန့်၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကျော်ဝင်းထွန်း၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာမောင်မောင်ဝင့်၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးတင်ခနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ဒေါက်တာ မနန်တူးဂျာတို့က ဆောင်ရွက်ကြသည်။

စတင်ကျင်းပ

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး(အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၇၁ ဦးရှိပြီး ညီလာခံကိုယ်စားလှယ် ၁၀၄၆ဦးတို့ တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၇ဒသမ၆၇ ရာခိုင်နှုန်းရှိ၍ အမျိုးသားညီလာခံစုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကိုယ်စားလှယ် အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးအကြံပြုချက်စာတမ်းများအပေါ် အမျိုးသားညီလာခံစုံညီအစည်းအဝေး အလှည့်ကျ သဘာပတိအဖွဲ့က ကောက်နုတ်စုစည်းတင်ပြရာ ရှေးဦးစွာ အမျိုးသားညီလာခံစုံညီအစည်းအဝေး အလှည့်ကျ သဘာပတိအဖွဲ့ဝင် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးတင်ခက ကောက်နုတ်စုစည်းချက်ကို စတင်ဖတ်ကြားတင်ပြသည်။

(အလှည့်ကျသဘာပတိအဖွဲ့ဝင် ဦးတင်ခ ဖတ်ကြားတင်ပြသည့် ကောက်နုတ်စုစည်းချက်ကို သီးခြားဖော်ပြထားပါသည်။)

ဖတ်ကြားတင်ပြ

ဆက်လက်၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျ သဘာပတိအဖွဲ့ဝင်များဖြစ်ကြသော အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ဒေါက်တာမနန်တူးဂျာနှင့် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီမှ ဦးမျိုးသန့်(မောင်ဆုရှင်) တို့က ကောက်နုတ်စုစည်းချက်များကို ဖတ်ကြားတင်ပြကြပြီး အမျိုးသားညီလာခံစုံညီအစည်းအဝေးကို နံနက် ၉ နာရီ မိနစ် ၅၀တွင် ခေတ္တရပ်နားသည်။

(အလှည့်ကျ သဘာပတိအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာမနန်တူးဂျာနှင့် ဦးမျိုးသန့်(မောင်ဆုရှင်)တို့ ဖတ်ကြားတင်ပြသည့် ကောက်နုတ်စုစည်းချက်များကို သီးခြားဖော်ပြထားပါသည်။)

ထို့နောက် အမျိုးသားညီလာခံစုံညီအစည်းအဝေးကို နံနက်၁၀နာရီ၅မိနစ်တွင် ပြန်လည်ကျင်းပရာ အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးအကြံပြုချက် စာတမ်းများအပေါ် အမျိုးသားညီလာခံစုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးစောဖီးလစ်(ခေါ်)ဦးဖီးလစ်ဆမ်၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်ကြီးနှင့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်လှ(ခေါ်)ဦးလှမြင့်တို့က ကောက်နုတ်စုစည်းချက်များကို ဆက်လက် ဖတ်ကြား တင်ပြကြပြီး အမျိုးသားညီလာခံစုံညီ အစည်းအဝေးကို နံနက်၁၀နာရီ ၅၅မိနစ်တွင် ခေတ္တရပ်နားသည်။

(အလှည့်ကျ သဘာပတိ ဦးစောဖီးလစ်(ခေါ်)ဦးဖီးလစ်ဆမ် ဖတ်ကြားတင်ပြသည့် ကောက်နုတ်စုစည်းချက်ကို သီးခြားဖော်ပြထားပြီး အလှည့်ကျသဘာပတိအဖွဲ့ဝင်များဖြစ်ကြသည့် ဦးမောင်ကြီးနှင့် ဦးမောင်လှ(ခေါ်)ဦးလှမြင့်တို့ ဖတ်ကြားတင်ပြသည့် ကောက်နုတ် စုစည်းချက်များကို ဆက်လက်ဖော်ပြသွားပါမည်။)

ယင်းနောက် အမျိုးသားညီလာခံစုံညီအစည်းအဝေးကို နံနက်၁၁နာရီ ၁၀မိနစ်တွင် ပြန်လည်ကျင်းပရာ အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ် အခြေခံရမည့်မူများ အနက် ပြင်ဆင်ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးအကြံပြုချက် စာတမ်းများအပေါ် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင်များ ဖြစ်ကြသည့် တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကံညွှန့်နှင့် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကျော်ဝင်းထွန်းတို့က ကောက်နုတ်စုစည်းချက်များကို ဆက်လက်ဖတ်ကြား တင်ပြကြပြီး အမျိုးသားညီလာခံစုံညီအစည်းအဝေးကို နံနက် ၁၁ နာရီ မိနစ် ၅၀တွင် ရပ်နားလိုက်သည်။

(အလှည့်ကျ သဘာပတိအဖွဲ့ဝင်များဖြစ်ကြသည့် ဦးကံညွှန့်နှင့် ဦးကျော်ဝင်းထွန်းတို့ ဖတ်ကြားတင်ပြသည့် ကောက်နုတ်စုစည်းချက်များကို ဆက်လက်ဖော်ပြသွားပါမည်။)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ဩဂုတ် ၂၂ ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၉ နာရီတွင် ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ဆင်ဟွာသတင်းဌာနမှ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ဗျူရိုအကြီးအကဲတွေ့ဆုံ

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆင်ဟွာသတင်းဌာနမှ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ဗျူရိုအကြီးအကဲ Mr. Xue Yongxing **လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၂၀

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆင်ဟွာသတင်းဌာနမှ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ဗျူရိုအကြီးအကဲ Mr. Xue Yongxing နှင့် အဖွဲ့သည် ယနေ့ညနေ ၅နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဗဟိုပုံနှိပ်စက်ရုံအစည်းအဝေးခန်းမသို့ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဗိုလ်တထောင်မြို့နယ် အထက(၃) ရာပြည့်ပွဲနှင့် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၀

၁၉၀၇ခုနှစ်မှ စ၍တည်ခဲ့သော မက်သဒစ်ရေကျော် အထက်တန်းကျောင်း (ယခုအထက-၃၊ဗိုလ်တထောင်)မှာ ယခုနှစ်တွင် နှစ်တစ်ရာ ပြည့်မြောက်ပြီဖြစ်သဖြင့် ကျောင်းရာပြည့်ပွဲအထိမ်းအမှတ် အစီအစဉ်များကို ယခုနှစ် ဒီဇင်ဘာလအတွင်း စည်ကားသိုက်မြိုက်စွာကျင်းပရန် စီစဉ်လျက်ရှိသည်။

နှိုးဆော်

ရာပြည့်ပွဲအထိမ်းအမှတ် ဟောပြောပွဲနှင့် စာတမ်းဖတ်ပွဲများ၊ ပြပွဲပြိုင်ပွဲများ၊ ရာပြည့်အာစရိယပူဇော်ပွဲနှင့် သက်ကြီးပူဇော်ပွဲတို့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည့်အပြင် အထိမ်းအမှတ် ပြက္ခဒိန်၊ အမှတ်တရပစ္စည်းများနှင့် ရာပြည့်မဂ္ဂဇင်းတို့ကိုလည်း ထုတ်ဝေမည်ဖြစ်သည်။ အဆိုပါ မဂ္ဂဇင်းအတွက် ဆရာ ဆရာမဟောင်းများနှင့် ကျောင်းသား ကျောင်းသူဟောင်းများထံမှ မှတ်တမ်းဓာတ်ပုံများ၊ အချက်အလက်များ၊ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးများကို စက်တင်ဘာ ၃၀ရက် နောက်ဆုံးထားပေးပို့ကြရန် နှိုးဆော်ထားသည်။

ဆက်သွယ်နိုင်

ရာပြည့်အထိမ်းအမှတ် စည်ကားသိုက်မြိုက်အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အလှူငွေထည့်ဝင်လိုလျှင်ဖြစ်စေ၊ ရာပြည့်မဂ္ဂဇင်းအတွက် ဓာတ်ပုံများ၊ အချက်အလက်များ၊ ဆောင်းပါးများပေးပို့လိုလျှင်ဖြစ်စေ၊ အစီအစဉ်များ အသေးစိတ်သိရှိလိုပါက ဒေါ်ခင်မာဆွေ (ကျောင်းအုပ်ဆရာမကြီး) ကျောင်းရုံးခန်း အထက(၃) ဗိုလ်တထောင် ဗိုလ်မြတ်ထွန်းလမ်း ရန်ကုန်မြို့ ဖုန်း-၂၉၄၃၂၂၊ ဦးကျော်အောင်(ရွှေပြည်တန်) အမှတ်၁၁၄ လမ်း၅၀ ပုဇွန်တောင် ရန်ကုန်မြို့ ဖုန်း-၇၀၃၂၂၀၊ ၂၉၅၅၅၆နှင့် ၀၉-၅၀၂၆၄၅၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၈-၂၀၀၇ (အင်္ဂါနေ့)

၇:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅	သစ္စာသုံးခိုင် နိဗ္ဗာန်တိုင် တရားတော် အရှင်ဥာဏောဘိသ(တည်းကုန်းဆရာတော်)
၈:၀၀	သံတွဲမြို့မှ အံ့ဖွယ်ထူးခြားသုံးဆူဘုရား
၈:၁၀	တေးဂီတအစီအစဉ်
၈:၁၅	Sunday Talk
၉:၁၀	ပြည်တွင်းသတင်းအကျဉ်း
၉:၂၀	ပန်းတစ်ပွင့်တောင်နှင့် လမြတ်ဝါ ဆိုအကြောင်းသိကောင်းစရာ
၉:၄၀	တေးဂီတအစီအစဉ်
၉:၄၅	Basic Computer Learning For Beginner (Vol-19) Microsoft , Powerpoint
၉:၅၅	တေးဂီတအစီအစဉ်
၁၀:၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၅	သာယာချိုအေး(၃၈)ဖြာ မင်္ဂလာတေး (လူမိုက်နှင့်ကင်းချမ်းသာခြင်း)
၁၀:၁၅	မိုးလေဝသခန့်မှန်းချက်
၁၀:၂၀	"တရားအားထုတ်သည်ဆိုရာဝယ်" ဒေါက်တာချစ်ငယ် (ဒဿန)Ph.D (အပိုင်း၁)
၁၁:၀၀	တေးဂီတအစီအစဉ်
၁၁:၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၁၅	လှပဆင်ယင် 925ဖက်ရှင်
၁၁:၃၅	တေးဂီတအစီအစဉ်
၁၁:၄၀	Ecotourism ဆွဲဆောင်ဖို့ သဘာဝကို ထိန်းသိမ်းစို့ "ဖိုးကျားဆင်စခန်း"(အပိုင်း-၂)
၁၁:၅၀	တေးဂီတအစီအစဉ်
၁၁:၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၀၀	Music Gallery ရဲလေး-အိမ်
၁၂:၃၀	မြေပြင်ပေါ်မှာရွေ့လျား ကိုယ်ဟန်ပေါ့ပေါ့ပါးပါး
၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာအစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁ နာရီအထိတစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

U-21 International Friendly ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁:၀၀	England - Romania	ESPN (Live)

သတ်မှတ်ထားသည့် မဲဆန္ဒနယ်အလိုက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကျစီ ရွေးကောက်တင်မြှောက်ခြင်းအားဖြင့် သတ်မှတ်ထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၃၃၀ ကို ရွေးကောက်တင်မြှောက်နိုင်ကြမှာဖြစ်

ရန်ကုန် ဩဂုတ် ၂၀

အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးအကြံပြုချက်စာတမ်းများအပေါ် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ညှိကျသဘာပတိအဖွဲ့ဝင် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်အစုအဖွဲ့မှ ဦးတင်ခ ဖတ်ကြားတင်ပြသည့် ကောက်နုတ် စုစည်းချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

၂၀၀၇ခုနှစ် ဩဂုတ်လ ၆ ရက်နေ့မှာကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက–

“၁၉၉၆ ခုနှစ် မတ်လ ၂၈ ရက်တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးက ပြည်သူ့လွှတ်တော်ဖွဲ့စည်းခြင်းနဲ့စပ်လျဉ်းပြီး–

“ပြည်သူ့လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေအများဆုံး ၄၄၀ ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

(က) လူဦးရေကိုအခြေခံ၍ ရွေးကောက်တင်မြှောက်သည့် ၃၃၀ ဦးထက် မပိုသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊

(ခ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်း တင်သွင်းသည့် ၁၁၀ ဦးထက်မပိုသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ”

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ခဲ့ပါတယ်။

ယင်းသို့ ပြည်သူ့လွှတ်တော်အား လူဦးရေကိုအခြေခံသည့် လွှတ်တော်ဟု သုံးနှုန်းထားခြင်းအားဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရာတွင် လူဦးရေကိုအခြေခံ၍ ရွေးကောက်တင်မြှောက်ရန်ရှိနေမှာဖြစ်ပါတယ်။ အဲဒီလို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လူဦးရေကိုအခြေခံ၍ ရွေးကောက်တင်မြှောက်ရမည်ဟု မူတစ်ရပ်ပါရှိသွားပါက တစ်မြို့နယ်လျှင် တစ်ဦးကျစီ ရွေးကောက်တင်မြှောက်နိုင်ရန် မဖြစ်တော့ကြောင်း တွေ့ရှိရပါတယ်။

လူဦးရေကိုအခြေခံ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်မည် ဆိုပါက တိုင်းဒေသကြီးများက (၂၃၇)ဦးကို ရွေးကောက်တင်မြှောက်နိုင်သည့်အတွက် (၃၁)ဦး ပိုမိုရရှိပြီး၊ ပြည်နယ်များက (၉၃)ဦးကိုသာ ရွေးကောက်တင်မြှောက်နိုင်သည့်အတွက် (၃၁)ဦး လျော့နည်းရရှိမှာဖြစ်ပါတယ်။

လူဦးရေအရသော်လည်းကောင်း၊ မြို့နယ်အရသော်လည်းကောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်မည်ဆိုပါက တိုင်းဒေသကြီးများက (၂၀၆)ဦးကို ရွေးကောက်တင်မြှောက်နိုင်ပြီး ပြည်နယ်များက (၁၂၄)ဦးကို ရွေးကောက်တင်မြှောက်နိုင်မှာဖြစ်တဲ့အတွက် ပြည်နယ်များက (၃၁)ဦး ပိုမိုရွေးကောက်နိုင်မှာဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ချမှတ်ထားတဲ့ အသေးစိတ်အခြေခံရမယ့်မူအရ ပြည်သူ့လွှတ်တော် ဖွဲ့စည်းရေးနဲ့စပ်လျဉ်းပြီး လူဦးရေကိုအခြေခံ၍ မဲဆန္ဒနယ်များသတ်မှတ်ပြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၃၃၀ ထက်မပိုစေဘဲ ရွေးကောက်တင်မြှောက်ရန်ဖြစ်ပါတယ်။

အကယ်၍ မြို့နယ်ပေါင်း ၃၃၀ ထက် ကျော်လွန်လာတဲ့အခါ ပြည်သူ့လွှတ်တော်အတွက် တစ်မြို့နယ်လျှင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကျစီ ရွေးကောက်တင်မြှောက်မယ်ဆိုပါက ပြည်သူ့လွှတ်တော်ဖွဲ့စည်းရေးအတွက် သတ်မှတ်ထားတဲ့ ကိုယ်စားလှယ်ဦးရေ ၃၃၀ ထက် ကျော်လွန်သွားမှာဖြစ်ပါတယ်။

အဲဒါကြောင့် မြို့နယ်အသစ်များကို တိုးချဲ့ဖွဲ့စည်းတဲ့အခါ မြို့နယ်ပေါင်း ၃၃၀ ထက် ကျော်လွန်လာပါက အသစ်ဖွဲ့စည်းလိုက်တဲ့ မြို့နယ်တွေကို ဆက်စပ်နေတဲ့ မြို့နယ်တစ်ခုခုနဲ့ ပူးပေါင်းပြီး ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များကို သတ်မှတ်ပေးသင့်ပါတယ်။ အဲဒီလို သတ်မှတ်ထားတဲ့ မဲဆန္ဒနယ်အလိုက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကျစီ ရွေးကောက်တင်မြှောက်ကြခြင်းအားဖြင့် သတ်မှတ်ထားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၃၃၀ ကို ရွေးကောက်တင်မြှောက်နိုင်ကြမှာ ဖြစ်ပါတယ်။

ဒါကြောင့် ရေရှည်အသုံးပြုနိုင်သော မူတစ်ရပ်ဖြစ်စေရေးအတွက် ပြည်သူ့လွှတ်တော်ဖွဲ့စည်းခြင်းနဲ့စပ်လျဉ်းပြီး–

“ပြည်သူ့လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၄၄၀ ဦးဖြင့် အောက်ပါအတိုင်းဖွဲ့စည်းရမည်–

(က) မြို့နယ်ကိုအခြေခံ၍လည်းကောင်း၊ လူဦးရေကိုအခြေခံ၍လည်းကောင်း၊ မြို့နယ် ၃၃၀ ထက်ပိုမိုလာပါက အသစ်ဖွဲ့စည်းသည့် မြို့နယ်ကို တစ်ဆက်တစ်စပ်တည်းဖြစ်သော သင့်လျော်သည့် မြို့နယ်တစ်ခုခုနှင့်ပူးပေါင်းအခြေခံ၍လည်းကောင်း ဥပဒေနှင့်အညီ မဲဆန္ဒနယ်သတ်မှတ်၍ ရွေးကောက်တင်မြှောက်သည့် ၃၃၀ ဦးထက် မပိုသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊

(ခ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်း တင်သွင်းသည့် ၁၁၀ ဦးထက်မပိုသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ”

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ဖြည့်စွက်ချမှတ်ရန်သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ဖြစ်ပါတယ်။

အထက်ပါအတိုင်း အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်မည်ဆိုပါက ယင်းချမှတ်မည့်မူနှင့် လိုက်လျောညီထွေဖြစ်စေရန် **‘လူဦးရေကို အခြေခံ၍ ရွေးကောက်တင်မြှောက်သည့်လွှတ်တော်’** ဆိုသည့် အသုံးအနှုန်းအစား **‘မြို့နယ်ကို အခြေခံ၍လည်းကောင်း၊ လူဦးရေကိုအခြေခံ၍လည်းကောင်း၊ ရွေးကောက်တင်မြှောက်သည့်လွှတ်တော်’** ဟု ပြင်ဆင်သုံးနှုန်းသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်”

လို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့ပါတယ်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ညှိကျ သဘာပတိ အဖွဲ့ဝင် နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးတင်ခ ကောက်နုတ်စုစည်းချက်ကို ဖတ်ကြားတင်ပြစဉ်။
(သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အဲဒီရှင်းလင်းချက်နှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်တဲ့ နိုင်ငံရေးပါတီ (၈)ပါတီအနက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက–

“ပြည်သူ့လွှတ်တော်ဖွဲ့စည်းရေးနှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း ဖြည့်စွက်ချမှတ်သင့်ကြောင်းနှင့် ယင်းချမှတ်မည့်မူနှင့် လိုက်လျောညီထွေဖြစ်စေရန် **“လူဦးရေကိုအခြေခံ၍ ရွေးကောက်တင်မြှောက်သည့်လွှတ်တော်”** ဆိုသည့် အသုံးအနှုန်းအစား **“မြို့နယ်ကို အခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း၊ ရွေးကောက်တင်မြှောက်သည့် လွှတ်တော်”** ဟု ပြင်ဆင်သုံးနှုန်းသင့်ကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က–

အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်ကို လေ့လာလိုက်သည့်အခါ ချမှတ်ပြီးအခြေခံမူနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ဖြည့်စွက်ခြင်းအတွက် (၈)ချက်၊ ပြင်ဆင်ခြင်းအတွက် (၅)ချက်၊ ပယ်ဖျက်ခြင်းအတွက် (၁)ချက်နဲ့ ပြောင်းရွှေ့ဖော်ပြခြင်း (၁)ချက်၊ စုစုပေါင်း (၁၅)ချက်ပါရှိတာလေ့လာတွေ့ရှိရကြောင်း၊ ယင်း(၁၅)ချက်ကို ဖြည့်စွက်၊ ပြင်ဆင်၊ ပယ်ဖျက်၊ ပြောင်းရွှေ့သင့်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီက–

“ပြည်သူ့လွှတ်တော်ဖွဲ့စည်းရေးနှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း ဖြည့်စွက်ချမှတ်သင့်ကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့က–

“ပြည်သူ့လွှတ်တော်ဖွဲ့စည်းရေးနှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း ဖြည့်စွက်ချမှတ်သင့်ကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

“ပြည်သူ့လွှတ်တော် ဖွဲ့စည်းရေးနှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း ဖြည့်စွက်ချမှတ်သင့်ကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်က–

“ပြည်သူ့လွှတ်တော် ဖွဲ့စည်းရေးနှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း ဖြည့်စွက်ချမှတ်သင့်ကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီက–

“အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်ပါ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများမှ အနည်းငယ်သော အချက်အလက်အပေါ် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်နှင့်စပ်လျဉ်းပြီး သဘောတူထောက်ခံပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ‘ဝ’ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

“ပြည်သူ့လွှတ်တော်ဖွဲ့စည်းရေးနှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း ဖြည့်စွက်ချမှတ်သင့်ကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

ညီလာခံကိုယ်စားလှယ် အစုအဖွဲ့ (၈)ဖွဲ့အနက် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့က ဆွေးနွေးတင်ပြသော အကြံပြုချက်စာတမ်း (၄)စောင်အနက်–

– တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်
– မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်

တို့ရဲ့ သဘောထားကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်တဲ့ ယင်းတို့ရဲ့ နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ယင်းဆွေးနွေးချက်များအတိုင်းပင် သက်ဆိုင်ရာ ကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားတာကို တွေ့ရပါတယ်။

အဲဒီ ကိုယ်စားလှယ်အစုအဖွဲ့မှာ ပါဝင်တဲ့ ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာမှုထန်၊ ရှမ်းပြည်နယ် ရှာင်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်းနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးထွန်းကျော်တို့က–

“ပြည်သူ့လွှတ်တော်ဖွဲ့စည်းရေးနှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း ဖြည့်စွက်ချမှတ်သင့်ကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ ကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြတဲ့ ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က–

“ပြည်သူ့လွှတ်တော်ဖွဲ့စည်းရေးနှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း ဖြည့်စွက်ချမှတ်သင့်ကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့က–

“ပြည်သူ့လွှတ်တော်ဖွဲ့စည်းရေးနှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း ဖြည့်စွက်ချမှတ်သင့်ကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က–

“ပြည်သူ့လွှတ်တော်ဖွဲ့စည်းရေးနှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း ဖြည့်စွက်ချမှတ်သင့်ကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က–

“ပြည်သူ့လွှတ်တော် ဖွဲ့စည်းရေးနှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း ဖြည့်စွက်ချမှတ်သင့်ကြောင်းနှင့် ယင်းချမှတ်မည့်မူနှင့် လိုက်လျောညီထွေဖြစ်စေရန် **“လူဦးရေကိုအခြေခံ၍ ရွေးကောက်တင်မြှောက်သည့်လွှတ်တော်”** ဆိုသည့် အသုံးအနှုန်းအစား **“မြို့နယ်ကို အခြေခံ၍လည်းကောင်း၊ လူဦးရေကိုအခြေခံ၍လည်းကောင်း၊ ရွေးကောက်တင်မြှောက်သည့် လွှတ်တော်”** ဟု ပြင်ဆင်သုံးနှုန်းသင့်ကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။ *စာမျက်နှာ ၅ ကော်လံ ၁ သို့*

မြို့နယ်အသစ်များကို တိုးချဲ့ဖွဲ့စည်းတဲ့အခါ မြို့နယ်ပေါင်း ၃၃၀ ထက် ကျော်လွန်လာပါက အသစ်ဖွဲ့စည်းလိုက်တဲ့ မြို့နယ်တွေကို ဆက်စပ်နေတဲ့ မြို့နယ် တစ်ခုခုနဲ့ ပူးပေါင်းပြီး ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များကို သတ်မှတ်ပေးသင့်။

စကားအသုံးအနှုန်း ပိုမိုတိကျစေရေးအတွက် “ပြည်ထောင်စုနယ်မြေများ”ရှေ့တွင် “သက်ဆိုင်ရာ”ဟူသော စကားရပ်ကို ဖြည့်စွက်ဖော်ပြခြင်းအားဖြင့် အဓိပ္ပာယ် ပိုမိုရှင်းလင်းနိုင်မည်ဖြစ်

ရန်ကုန် ဩဂုတ် ၂၀

အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးအကြံပြုချက်စာတမ်းများအပေါ် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ကျသဘာပတိအဖွဲ့ဝင် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှ ဒေါက်တာမနန်တူးဂျာ ဖတ်ကြားတင်ပြသည့် ကောက်နုတ်စုစည်းချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

၂၀၀၇ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့မှာကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက–

“၁၉၉၆ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင်ကျင်းပပြုလုပ်ခဲ့သည့်အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ ဥပဒေပြုရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မူများချမှတ်ရေးနဲ့စပ်လျဉ်းပြီး ကျွန်တော်ရှင်းလင်းတင်ပြခဲ့ပါတယ်။ အဲဒီလို ရှင်းလင်းတင်ပြစဉ်က အမျိုးသားလွှတ်တော်ဖွဲ့စည်းခြင်းနဲ့စပ်လျဉ်းပြီး–

“အမျိုးသားလွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေအများဆုံး ၂၂၄ ဦးဖြင့် အောက်ပါအတိုင်းဖွဲ့စည်းရမည်–

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးစီ ပါဝင်စေပြီး ပြည်ထောင်စုနယ်မြေများအပါအဝင် တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ ဦးကျစီ တူညီစွာဖြင့် ရွေးကောက်တင်မြှောက်သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ ဦး၊

(ခ) ပြည်ထောင်စုနယ်မြေများအပါအဝင် တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် လေးဦးကျစီဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်း တင်သွင်းသည့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၅၆ ဦး”

လို့ အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ခဲ့ပါတယ်။

အဲဒီလို ပြည်ထောင်စုနယ်မြေများ အပါအဝင်ဟု ဖော်ပြထားခြင်းမှာ လက်ရှိ ပြည်နယ်နှင့်တိုင်းများတွင် ပါဝင်ခဲ့ပြီး ပြည်ထောင်စုနယ်မြေများအဖြစ် သတ်မှတ်ထားသည့် နယ်မြေများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းပြီးနောက် ထူးခြားသည့်အခြေအနေရှိ၍ ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုနယ်မြေအဖြစ် ဥပဒေပြဋ္ဌာန်းပြီး သတ်မှတ်သည့် နယ်မြေများကို ဖော်ညွှန်းထားခြင်း ဖြစ်ပါတယ်။ သို့သော် စကားအသုံးအနှုန်း ပိုမိုတိကျမှုရှိစေရေးအတွက် “ပြည်ထောင်စုနယ်မြေများ”ရှေ့တွင် “သက်ဆိုင်ရာ”ဟူသော စကားရပ်ကို ဖြည့်စွက်ဖော်ပြခြင်းအားဖြင့် အဓိပ္ပာယ် ပိုမိုရှင်းလင်းနိုင်မည်ဖြစ်ပါတယ်။ ဒါကြောင့်–

“အမျိုးသားလွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၂၂၄ ဦးဖြင့် အောက်ပါအတိုင်းဖွဲ့စည်းရမည်–

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးစီပါဝင်စေပြီး သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေများအပါအဝင် တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ ဦးကျစီ တူညီစွာဖြင့် ရွေးကောက်တင်မြှောက်သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ ဦး၊

အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ကျသဘာပတိ အဖွဲ့ဝင် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ဒေါက်တာ မနန်တူးဂျာ ကောက်နုတ် စုစည်းချက်ကို ဖတ်ကြားတင်ပြစဉ်။
(သတင်းစဉ်)

(ခ) သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေများအပါအဝင် တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် လေးဦးကျစီဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၅၆ ဦး၊

(ဂ) အထက်အပိုဒ်ခွဲ(က)နှင့် (ခ)တွင် ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းရာတွင် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေဆိုသည်မှာ ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ သတ်မှတ်ထားသည့် ပြည်ထောင်စုနယ်မြေများသည် လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်သော ပြည်ထောင်စုနယ်မြေများသည် လည်းကောင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ရန် ကိစ္စအလို့ငှာ အဆိုပါ နယ်မြေပါဝင်ခဲ့သည့် ပြည်နယ်၊ သို့မဟုတ် တိုင်းတွင် ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင်ဖြစ်စေ ပါဝင်ခြင်းကို ဆိုသည်”

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ဖြည့်စွက်ချမှတ်ရန်သင့်၊ မသင့် ဆွေးနွေး အကြံပြုကြဖို့ ဖြစ်ပါတယ်”

လို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့ပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အဲဒီ ရှင်းလင်းချက်နဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်တဲ့ နိုင်ငံရေးပါတီ (၈)ပါတီအနက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပါတီက–

“အမျိုးသားလွှတ်တော်ဖွဲ့စည်းရေးနှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း အပိုဒ်ခွဲ(က)ကို စကားအသုံးအနှုန်း ပိုမိုတိကျစေရေးအတွက် ပြည်ထောင်စုနယ်မြေများဟူသော စကားရပ်ရှေ့တွင် “သက်ဆိုင်ရာ”ဟူသော စကားရပ်ကို ဖြည့်စွက်သင့်ကြောင်းနှင့် အဆိုပါ အသေးစိတ်အခြေခံရမည့်မူများ၌ ပါရှိသည့် ပြည်ထောင်စုနယ်မြေများ အပါအဝင်ဟု ဖော်ပြထားခြင်းမှာ လက်ရှိ ပြည်နယ်နှင့်တိုင်းများတွင် ပါဝင်ခဲ့ပြီး ပြည်ထောင်စုနယ်မြေများအဖြစ် သတ်မှတ်ထားသည့် နယ်မြေများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းပြီးနောက် ထူးခြားသည့်အခြေအနေရှိ၍ ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုနယ်မြေအဖြစ် ဥပဒေပြဋ္ဌာန်းပြီး သတ်မှတ်သည့် နယ်မြေများ ပါရှိသင့်ကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က–

“အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်ကို လေ့လာလိုက်သည့်အခါ ချမှတ်ပြီးအခြေခံမူနှင့် အသေးစိတ်အခြေခံရမယ့်မူများအနက် ဖြည့်စွက်ခြင်းအတွက် (၈)ချက်၊ ပြင်ဆင်ခြင်းအတွက် (၅)ချက်၊ ပယ်ဖျက်ခြင်းအတွက် (၁)ချက်နဲ့ ပြောင်းရွှေ့ဖော်ပြခြင်း (၁)ချက် စုစုပေါင်း (၁၅)ချက်ပါရှိတာ လေ့လာတွေ့ရှိရကြောင်း၊ ယင်း(၁၅)ချက်ကို ဖြည့်စွက်၊ ပြင်ဆင်၊ ပယ်ဖျက်၊ ပြောင်းရွှေ့သင့်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီက–

“ပြည်နယ်နှင့် တိုင်းများ ထူးခြားသည့်အခြေအနေရှိ၍ ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုနယ်မြေများအဖြစ် ဥပဒေပြဋ္ဌာန်းပြီး သတ်မှတ်သည့် နယ်မြေများအတွက် စကားအသုံးအနှုန်း ပိုမိုတိကျမှုရှိစေရေးအတွက် ပြည်ထောင်စုနယ်မြေများရှေ့တွင် ‘သက်ဆိုင်ရာ’ဟူသော စကားရပ်ကို ဖြည့်စွက်ဖော်ပြခြင်းအားဖြင့် အဓိပ္ပာယ် ပိုမိုရှင်းလင်းမည်ဖြစ်ပါသဖြင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားသည့်အတိုင်း ဖြည့်စွက်ချမှတ်သင့်ပါကြောင်း” ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့က–

ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုနယ်မြေအဖြစ် ဥပဒေပြဋ္ဌာန်းပြီး သတ်မှတ်သည့် နယ်မြေများကို ဖော်ညွှန်းထားခြင်းဖြစ်ရာ စကားအသုံးအနှုန်း ပိုမိုတိကျမှုရှိစေရေးအတွက် “ပြည်ထောင်စုနယ်မြေများ”ရှေ့တွင် “သက်ဆိုင်ရာ” ဟူသော စကားရပ်ကို ဖြည့်စွက်ဖော်ပြခြင်းအားဖြင့် အဓိပ္ပာယ် ပိုမိုရှင်းလင်း နိုင်မည်ဖြစ်ပါသဖြင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားသည့်အတိုင်း ဖြည့်စွက်ချမှတ်သင့်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီက–

“အမျိုးသားလွှတ်တော်ဖွဲ့စည်းရေးနှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားသည့်အတိုင်း ဖြည့်စွက်ချမှတ်သင့်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စုကရင်အမျိုးသားများ အဖွဲ့ချုပ်က–

“အမျိုးသားလွှတ်တော်ဖွဲ့စည်းရေးနှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားသည့်အတိုင်း ဖြည့်စွက်ချမှတ်သင့်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီက–

“အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်ပါ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများမှ အနည်းငယ်သော အချက်အလက်အပေါ် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်နှင့်စပ်လျဉ်းပြီး သဘောတူထောက်ခံပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ‘ဝ’အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီက–

“စကားအသုံးအနှုန်း ပိုမိုတိကျမှုရှိစေရေးအတွက် **‘ပြည်ထောင်စုနယ်မြေများ’**ရှေ့တွင် **‘သက်ဆိုင်ရာ’**ဟူသော စကားရပ်ကို ဖြည့်စွက်ဖော်ပြခြင်းအားဖြင့် အဓိပ္ပာယ် ပိုမိုရှင်းလင်းနိုင်မည်ဖြစ်သဖြင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားသည့်အတိုင်း ဖြည့်စွက်ချမှတ်သင့်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

ညီလာခံကိုယ်စားလှယ် အစုအဖွဲ့(၈)ဖွဲ့အနက် အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့က ဆွေးနွေးတင်ပြသော အကြံပြုချက်စာတမ်း (၄)စောင်အနက်–

– တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်

– မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်

တို့ရဲ့ သဘောထားကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်တဲ့ ယင်းတို့ရဲ့ နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ယင်းဆွေးနွေးချက်များအတိုင်းပင် သက်ဆိုင်ရာ ကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားတာကို တွေ့ရပါတယ်။

အဲဒီ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာမူထန်၊ ရှမ်းပြည်နယ် ရွာငံမြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်းနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဦးထွန်းကျော်တို့က–

“အမျိုးသားလွှတ်တော် ဖွဲ့စည်းခြင်းနဲ့စပ်လျဉ်းပြီး အပိုဒ်(က)နှင့် (ခ)တို့တွင် **‘ပြည်ထောင်စုနယ်မြေများ အပါအဝင်’**ဟု ဖော်ပြထားခြင်းမှာ လက်ရှိ ပြည်နယ်နှင့်တိုင်းများတွင် ပါဝင်ခဲ့ပြီး ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ထားသည့် နယ်မြေများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းပြီးနောက် ထူးခြားသည့်အခြေအနေရှိ၍ ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုနယ်မြေအဖြစ် ပြဋ္ဌာန်းပြီး သတ်မှတ်သည့်နယ်မြေများကို ဖော်ညွှန်းတဲ့ သဘောသဘာဝဖြစ်ပါတယ်။ သို့ဖြစ်၍ စကားလုံးအသုံးအနှုန်းတွင် ပိုမိုတိကျမှုရှိစေရန်အတွက် **“ပြည်ထောင်စုနယ်မြေများ”**ရှေ့တွင် **“သက်ဆိုင်ရာ”**ဟူသော စကားရပ်ကို ဖြည့်စွက်ဖော်ပြသင့်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြတဲ့ ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က–

“ပြည်ထောင်စုနယ်မြေများ အပါအဝင်ဟု ဖော်ပြထားခြင်းမှာ လက်ရှိ ပြည်နယ်နှင့် တိုင်းများတွင် ပါဝင်ခဲ့ပြီး ပြည်ထောင်စုနယ်မြေများအဖြစ် သတ်မှတ်ထားသည့် နယ်မြေများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းပြီးနောက် ထူးခြားသည့် အခြေအနေရှိ၍ ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုနယ်မြေအဖြစ်

စာမျက်နှာ ၆ ကော်လံ ၁ သို့

စာမျက်နှာ ၄ မှ

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့က–

“ပြည်သူ့လွှတ်တော်ဖွဲ့စည်းရေးနှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း ဖြည့်စွက်ချမှတ်သင့်ကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့က–

“ပြည်သူ့လွှတ်တော်ဖွဲ့စည်းရေးနှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း ဖြည့်စွက်ချမှတ်သင့်ကြောင်းနှင့် ယင်းချမှတ်မည့်မူနှင့် လိုက်လျောညီထွေဖြစ်စေရန် **“လူဦးရေကိုအခြေခံ၍ ရွေးကောက်တင်မြှောက်သည့်လွှတ်တော်”**ဆိုသည့် အသုံးအနှုန်းအစား **“မြို့နယ်ကိုအခြေခံ၍လည်းကောင်း၊ လူဦးရေကိုအခြေခံ၍လည်းကောင်း၊ ရွေးကောက်တင်မြှောက်သည့်လွှတ်တော်”**ဟု ပြင်ဆင်သုံးနှုန်းသင့်ကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က–

“ပြည်သူ့လွှတ်တော်ဖွဲ့စည်းရေးနှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း ဖြည့်စွက်ချမှတ်သင့်ကြောင်းနှင့် ယင်းချမှတ်မည့်မူနှင့် လိုက်လျောညီထွေဖြစ်စေရန် **“လူဦးရေကိုအခြေခံ၍ ရွေးကောက်တင်မြှောက်သည့်လွှတ်တော်”** ဆိုသည့် အသုံးအနှုန်းအစား **“မြို့နယ်ကိုအခြေခံ၍လည်းကောင်း၊ လူဦးရေကိုအခြေခံ၍လည်းကောင်း၊ ရွေးကောက်တင်မြှောက်သည့်လွှတ်တော်”**ဟု ပြင်ဆင်သုံးနှုန်းသင့်ကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။ ။

21-8 (05) 1 8/21/07, 2:45 AM

နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်ကို နိုင်ငံတော် သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်

ရန်ကုန် ဩဂုတ် ၂၀

အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးအကြံပြုချက်စာတမ်းများအပေါ် အမျိုးသားညီလာခံစုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီမှ ဦးမျိုးသန့်(မောင်ဆုရှင်) ဖတ်ကြားတင်ပြသည့် ကောက်နုတ်စုစည်းချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

၂၀၀၇ခုနှစ် ဩဂုတ်လ ၆ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက–

"၁၉၉၄ခုနှစ် ဧပြီလ ၉ ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးက ပြည်ထောင်စုနယ်မြေသတ်မှတ်ခြင်းနဲ့ စပ်လျဉ်းပြီး–

၅။ ပြည်ထောင်စုနယ်မြေသတ်မှတ်ခြင်း–

"(က) နိုင်ငံတော်၏မြို့တော်ဖြစ်သည့် ရန်ကုန်မြို့တော်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်၊

(ခ) ထူးခြားသော အခြေအနေရှိသည့် ကိုကိုးကျွန်းမြို့နယ်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်၊

(ဂ) နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး စသည်တို့နှင့် စပ်လျဉ်းပြီး ထူးခြားသော အခြေအနေရှိသည့် နယ်မြေများကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ရန် လိုအပ်လျှင် ဥပဒေပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်နိုင်သည်"

လို့ အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ခဲ့ပါတယ်။

နိုင်ငံတကာအစဉ်အလာအရ ဗဟိုအစိုးရရုံးစိုက်ရာမြို့ကို နိုင်ငံတော်ရဲ့မြို့တော်အဖြစ် သတ်မှတ်ပြီး အချို့နိုင်ငံများမှာ ယင်းမြို့တော်များကို နိုင်ငံတော်သမ္မတ သို့မဟုတ် ဗဟိုအစိုးရက တိုက်ရိုက်အုပ်ချုပ်လေ့ရှိကြပါတယ်။ ယခုအခါ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရရဲ့တကွ ဗဟိုအစိုးရရုံးများက နေပြည်တော်တွင် ရုံးစိုက်လျက်ရှိကြသဖြင့် နိုင်ငံတော်၏မြို့တော်သည် နေပြည်တော် ဖြစ်ပါတယ်။ ထို့ကြောင့် ဖော်ပြပါအသေးစိတ်အခြေခံရမည့်မူပါ နိုင်ငံတော်၏မြို့တော်ဖြစ်သည့် ရန်ကုန်မြို့တော်ဟူသော စကားရပ်ကို ပြင်ဆင်ရန် လိုအပ်လာပါတယ်။ ရန်ကုန်မြို့သည် နိုင်ငံတော်၏မြို့တော် မဟုတ်တော့သော်လည်း နိုင်ငံတော်၏ စီးပွားရေးအချက်အချာကျသောမြို့အဖြစ် ဆက်လက်တည်ရှိနေမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ရန်ကုန်မြို့ဟာ နိုင်ငံတော်၏မြို့တော် မဟုတ်တော့တဲ့အတွက် နိုင်ငံတော်သမ္မတက တိုက်ရိုက်အုပ်ချုပ်တဲ့ ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ထားခြင်းမှ ပယ်ဖျက်ပြီး ယခုအခါ နိုင်ငံတော်၏မြို့တော် ဖြစ်သည့် နေပြည်တော်၏ စည်ပင်သာယာရေးနယ်နိမိတ်ကို ပြည်ထောင်စု နယ်မြေအဖြစ် သတ်မှတ်၍ နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသင့်ပါတယ်။

ထို့အပြင် ရန်ကုန်မြို့ဟာ နိုင်ငံတော်ရဲ့ မြို့တော်မဟုတ်တော့တဲ့အတွက် ရန်ကုန်မြို့တော်ဟူသော အသုံးအနှုန်းအစား ရန်ကုန်မြို့ဟူ၍ သုံးနှုန်းသွားမည် ဖြစ်ပါတယ်။ ဒါ့အပြင် "ထူးခြားသောအခြေအနေရှိသည့် ကိုကိုးကျွန်းမြို့နယ်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်" ဟု ချမှတ်ထားသော အသေးစိတ်အခြေခံရမယ့်မူကိုလည်း ပယ်ဖျက်သင့်ပါတယ်။ ဤသို့ ရန်ကုန်မြို့နှင့် ကိုကိုးကျွန်းမြို့နယ်တို့ကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ထားခြင်းမှ ပယ်ဖျက်လိုက်ခြင်းအားဖြင့် ယင်းတို့သည် ရန်ကုန်တိုင်း ဒေသကြီးအတွင်း၌သာ လက်ရှိအတိုင်း တည်ရှိနေမှာဖြစ်ပါတယ်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်း ကော်မတီမှ ဦးမျိုးသန့်(မောင်ဆုရှင်) ကောက်နုတ် စုစည်းချက်ကို ဖတ်ကြားတင်ပြစဉ်။
(သတင်းစဉ်)

ကျွန်တော် အထက်တွင် တင်ပြခဲ့တဲ့အတိုင်း ကိုကိုးကျွန်းမြို့နယ်ကို ပြည်ထောင်စုနယ်မြေအဖြစ်မှ ပယ်ဖျက်ခြင်းအားဖြင့် အထက်အပိုဒ်(ခ)ပါ အသေးစိတ်အခြေခံရမယ့်မူကို ဆက်လက်ဖော်ပြရန် မလိုအပ်တော့ပါ။ သို့သော် အပိုဒ် (ဂ)ကို ဆက်လက်ထားရှိသင့်သဖြင့် အပိုဒ်(ဂ)ကို အပိုဒ်(ခ) အဖြစ်ဖော်ပြသင့်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုနယ်မြေသတ်မှတ်ခြင်းနဲ့ စပ်လျဉ်းပြီး–

၅။ ပြည်ထောင်စုနယ်မြေများသတ်မှတ်ခြင်း–

"(က) နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်။

(ခ) နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး စသည်တို့နှင့် စပ်လျဉ်းပြီး ထူးခြားသောအခြေအနေရှိသည့် နယ်မြေများကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ရန် လိုအပ်လျှင် ဥပဒေပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှု အောက်တွင်ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်နိုင်သည်" လို့ အသေးစိတ်အခြေခံရမယ့်မူကို ပြင်ဆင်ချမှတ်ရန် သင့်၊မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်"

လို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့ပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အဲဒီရှင်းလင်းချက်နဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်တဲ့ နိုင်ငံရေးပါတီ (၈)ပါတီအနက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက–

"ရန်ကုန်မြို့တော်ဟာ နိုင်ငံတော်ရဲ့ မြို့တော်မဟုတ်တော့တဲ့အတွက် နိုင်ငံတော်သမ္မတက တိုက်ရိုက်အုပ်ချုပ်တဲ့ ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ထားခြင်းမှ ပယ်ဖျက်ပြီး နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်၏ စည်ပင်သာယာရေးနယ်နိမိတ်ကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်၍ နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်ထားရှိခြင်းမှာ လျော်ကန်သင့်မြတ်ပါတယ်။ ဒါ့အပြင် ထူးခြားသော အခြေအနေရှိသည့် ကိုကိုးကျွန်းမြို့နယ်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိပြီး ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်ဟု ချမှတ်ထားသော အသေးစိတ် အခြေခံရမယ့်မူကိုလည်း ပယ်ဖျက်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က–

"အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်ကို လေ့လာလိုက်သည့်အခါ ချမှတ်ပြီး အခြေခံမူနှင့် အသေးစိတ်အခြေခံရမယ့်မူများအနက် ဖြည့်စွက်ခြင်းအတွက် (၈)ချက်၊ ပြင်ဆင်ခြင်းအတွက် (၅)ချက်၊ ပယ်ဖျက်ခြင်းအတွက် (၁)ချက်နဲ့ ပြောင်းရွှေ့ဖော်ပြခြင်း (၁)ချက် စုစုပေါင်း (၁၅)ချက်ပါရှိတာ လေ့လာတွေ့ရှိရကြောင်း၊ ယင်း(၁၅)ချက်ကို ဖြည့်စွက်၊ ပြင်ဆင်၊ ပယ်ဖျက်၊ ပြောင်းရွှေ့သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီက–

"ယခုအခါ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရအဖွဲ့နှင့် ဗဟိုရုံးစိုက်ရာမြို့သည် နေပြည်တော်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ရန်ကုန်မြို့နှင့် ကိုကိုးကျွန်းမြို့နယ်တို့ကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ခြင်းမှ ပယ်ဖျက်ပြီး ယင်းမြို့များကို ရန်ကုန်တိုင်းဒေသကြီးအတွင်း၌သာ ပြန်လည်တည်ရှိသွားသင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့က–

"ပြည်ထောင်စုနယ်မြေသတ်မှတ်ခြင်းနှင့်စပ်လျဉ်းပြီး ရန်ကုန်မြို့နှင့် ကိုကိုးကျွန်းမြို့နယ်တို့ကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ထားခြင်းမှ ပယ်ဖျက်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

"ပြည်ထောင်စုနယ်မြေများ သတ်မှတ်ခြင်းနှင့် စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားသည့်အတိုင်း အသေးစိတ် အခြေခံရမယ့်မူအဖြစ် ပြင်ဆင်ချမှတ်သင့်ကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်က–

"၂၀၀၇ခုနှစ် ဩဂုတ်လ ၆ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌက ၁၉၉၄ခုနှစ် ဧပြီလ ၉ ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးက ပြည်ထောင်စုနယ်မြေသတ်မှတ်ခြင်းနဲ့ ပတ်သက်၍ ရှင်းလင်းပြောကြားသည့်အတိုင်း အသေးစိတ်အခြေခံရမယ့်မူကို ပြင်ဆင်သတ်မှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီက–

"အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်ပါ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများမှ အနည်းငယ်သော အချက်အလက်အပေါ် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်နှင့် စပ်လျဉ်းပြီး သဘောတူထောက်ခံပါကြောင်း"

ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ 'ဝ' အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

"ရန်ကုန်မြို့တော်ဟာ နိုင်ငံတော်၏မြို့တော် မဟုတ်တော့တဲ့အတွက် နိုင်ငံတော်သမ္မတက တိုက်ရိုက်အုပ်ချုပ်တဲ့ ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ခြင်းမှ ပယ်ဖျက်ပြီး ယခုအခါ နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်၏ စည်ပင်သာယာရေးနယ်နိမိတ်ကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်၍ နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် "ထူးခြားသော အခြေအနေရှိသည့် ကိုကိုးကျွန်းမြို့နယ်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ပါသည်"ဟု ချမှတ်ထားသော အသေးစိတ် အခြေခံရမည့်မူကိုလည်း ဆီလျော်မှုမရှိတော့သဖြင့် ပယ်ဖျက်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

စာမျက်နှာ ၅ မှ

ဥပဒေပြဋ္ဌာန်းပြီး သတ်မှတ်သည့်နယ်မြေများကို ဖော်ပြထားခြင်း ဖြစ်ပါတယ်။ သို့ပါ၍ **"ပြည်ထောင်စုနယ်မြေများ"** ရှေ့တွင် **"သက်ဆိုင်ရာ"** ဟူသော စကားရပ်ကို ဖြည့်စွက်ဖော်ပြသင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့က–

"ဥပဒေပြုရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အမျိုးသားလွှတ်တော်ဖွဲ့စည်းခြင်းနဲ့ စပ်လျဉ်းပြီး–

အသေးစိတ်အခြေခံရမယ့်မူ အပိုဒ်(က)တွင် 'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတစ်ခုစီမှ ကိုယ်စားလှယ် တစ်ဦးစီ ပါဝင်စေပြီး ပြည်ထောင်စုနယ်မြေများအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ ဦးကျစီ' ဟု သတ်မှတ်ထားပါသည်။ စကားအသုံးအနှုန်း ပိုမိုတိကျမှုရှိစေရေးအတွက် **"ပြည်ထောင်စုနယ်မြေများ"** ရှေ့တွင် **'သက်ဆိုင်ရာ'**ဟူသော စကားရပ်ကို ဖြည့်စွက်ဖော်ပြခြင်းအားဖြင့် အဓိပ္ပာယ် ပိုမိုရှင်းလင်းနိုင်မည်ဖြစ်ကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က–

"ဥပဒေပြုရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းတွင် စကားအသုံးအနှုန်း ပိုမိုတိကျမှုရှိစေရေးအတွက် **'ပြည်ထောင်စုနယ်မြေများ'** ရှေ့တွင် **'သက်ဆိုင်ရာ'** ဟူသော စကားရပ်ကို ဖြည့်စွက်ဖော်ပြခြင်းအားဖြင့် အဓိပ္ပာယ် ပိုမိုရှင်းလင်းသွားမှာ ဖြစ်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က–

"အမျိုးသားလွှတ်တော် ဖွဲ့စည်းခြင်းနဲ့စပ်လျဉ်းပြီး အသေးစိတ် အခြေခံရမယ့်မူများ ချမှတ်ခဲ့ရာ စကားအသုံးအနှုန်း ပိုမိုတိကျမှု ရှိစေရေးအတွက် **'ပြည်ထောင်စုနယ်မြေများ'** ရှေ့တွင် **'သက်ဆိုင်ရာ'**ဟူသော စကားရပ်ကို ဖြည့်စွက်ဖော်ပြခြင်းအားဖြင့် အဓိပ္ပာယ် ပိုမိုရှင်းလင်းစေနိုင်မည်ဖြစ်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့က–

"အမျိုးသားလွှတ်တော် ဖွဲ့စည်းခြင်းနဲ့ပတ်သက်ပြီး စကားရပ်အသုံးအနှုန်း ပိုမိုတိကျစေရန်အတွက် **'ပြည်ထောင်စုနယ်မြေများ'** ဆိုသည့် စကားရပ်ရှေ့တွင် **'သက်ဆိုင်ရာ'**ဟူသော စကားရပ် ဖြည့်စွက်သင့်ကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့က–

"ပြည်ထောင်စုနယ်မြေများတွင် **'သက်ဆိုင်ရာ'**ဟူသောစကားရပ်ကို ဖြည့်စွက်ဖော်ပြပါက ပြည်ထောင်စုနယ်မြေပါဝင်နေတဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကို ရည်ညွှန်းကြောင်း ပိုမိုတိကျတဲ့ အဓိပ္ပာယ်ပေါ်လွင်လာစေမှာ ဖြစ်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က–

"အမျိုးသားလွှတ်တော်ဖွဲ့စည်းခြင်းနဲ့စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားသည့်အတိုင်း ဖြည့်စွက်ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြ သွားတာတွေ့ရှိရပါတယ်။ ။

21-8 (06) 1 8/21/07, 2:45 AM

"ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌ" ဟူသည့် စကားရပ်အစား "နေပြည်တော်ကောင်စီဥက္ကဋ္ဌ" ဟု ပြည့်စွက်ရန်အချက်များကို အသေးစိတ်အခြေခံရမည့်မူများအဖြစ် ပြည့်စွက်သင့်

ရန်ကုန် သြဂုတ် ၂၀

အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးအကြံပြုချက်စာတမ်းများအပေါ် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးစောဖီးလစ်(ခေါ်)ဦးဖီးလစ်ဆမ် ဖတ်ကြားတင်ပြသည့် ကောက်နုတ်စုစည်းချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

၂၀၀၇ခုနှစ် သြဂုတ်လ ၆ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌက–

"ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ရန် ကျွန်တော်ရှင်းလင်းတင်ပြတဲ့အတိုင်း သဘောတူညီပါက နေပြည်တော်အတွက် ရန်ကုန်မြို့တော်ကောင်စီနှင့် စပ်လျဉ်း၍ ချမှတ်ထားသည့် အသေးစိတ် အခြေခံရမည့်မူများအတိုင်း ချမှတ်သင့်ပါတယ်။

ထို့ကြောင့် ၁၉၉၆ခုနှစ် မတ်လ ၂၈၊ ၂၉ နှင့် ၃၀ ရက်နေ့များတွင် ကျင်းပပြုလုပ်ခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးက ချမှတ်ခဲ့သော အသေးစိတ်အခြေခံရမည့်မူများအနက် အပိုဒ် ၃၅ ပါ ပြည်ထောင်စုနယ်မြေဖြစ်သည့် ရန်ကုန်မြို့တော်အုပ်ချုပ်ရေးနှင့်စပ်လျဉ်းပြီး ချမှတ်ထားသည့် အသေးစိတ်အခြေခံရမည့်မူများတွင် လည်းကောင်း၊ အပိုဒ် ၃၆ တွင် ဖော်ပြထားသည့် ရန်ကုန်မြို့တော် ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ အဆင့်သတ်မှတ်ခြင်းနှင့် စပ်လျဉ်းပြီး ချမှတ်ထားသော အသေးစိတ်အခြေခံရမည့်မူများတွင် လည်းကောင်း ပါရှိသည့် ရန်ကုန်မြို့တော်ဟူသော စကားရပ်အစား နေပြည်တော်ဟု ဖြည့်စွက်ရန် သင့်၊ မသင့်နှင့် ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းခြင်းအတွက် ချမှတ်ထားသော အသေးစိတ်အခြေခံရမယ့်မူ အပိုဒ် ၁၆ အပိုဒ်ခွဲ (ဂ)၊ အပိုဒ်ခွဲငယ် (၆)တွင် အဖွဲ့ဝင်အဖြစ် "ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌ"ဟု ဖော်ပြထားသည့် စကားရပ်အစား"နေပြည်တော်ကောင်စီဥက္ကဋ္ဌ"လို့ ဖြည့်စွက်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင် နိုင်ငံရေး ပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးစောဖီးလစ် (ခေါ်) ဦးဖီးလစ်ဆမ် ဖတ်ကြားတင်ပြစဉ်။
(သတင်းစဉ်)

အပိုဒ် ၃၇ တွင် ဖော်ပြထားသော ပြည်ထောင်စု နယ်မြေဖြစ်သည့် ကိုကိုးကျွန်းမြို့နယ် အုပ်ချုပ်ရေးနှင့်စပ်လျဉ်း၍ ချမှတ်ထားသော အသေးစိတ် အခြေခံရမည့်မူများကို ယခုအခါ မလိုအပ်တော့၍ ဆက်လက်ဖော်ပြခြင်း မပြုတော့ပါကြောင်း ရှင်းလင်းပြောကြားအပ်ပါတယ်"

လို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့ပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အဲဒီ ရှင်းလင်းချက်နှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံ ကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်တဲ့ နိုင်ငံရေးပါတီ(၈)ပါတီအနက် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီက–

"၁၉၉၆ခုနှစ် မတ်လ ၂၈၊ ၂၉ နှင့် ၃၀ ရက်နေ့များတွင် ကျင်းပပြုလုပ်ခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးက ချမှတ်ခဲ့သော အသေးစိတ်အခြေခံရမည့်မူများအနက် အပိုဒ် ၃၅ ပါ ပြည်ထောင်စု နယ်မြေဖြစ်သည့် ရန်ကုန်မြို့တော် အုပ်ချုပ်ရေးနှင့်စပ်လျဉ်းပြီး ချမှတ်ထားသည့် အသေးစိတ် အခြေခံရမည့်မူများတွင် လည်းကောင်း၊ အပိုဒ် ၃၆ တွင် ဖော်ပြထားသည့် ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ အဆင့်သတ်မှတ်ခြင်းနှင့်စပ်လျဉ်းပြီး ချမှတ်ထားသော အသေးစိတ်အခြေခံရမည့်မူများတွင် လည်းကောင်း၊ ပါရှိသည့် **"ရန်ကုန်မြို့တော်"**ဟူသော စကားရပ်အစား **"နေပြည်တော်"**ဟု ဖြည့်စွက်ရန်နှင့် ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်းအတွက် ချမှတ်ထားသော အသေးစိတ် အခြေခံရမယ့်မူအပိုဒ် ၁၆ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ်(၆)တွင် အဖွဲ့ဝင်အဖြစ် **"ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌ"**ဟု ဖော်ပြထားသည့်စကားရပ်အစား**"နေပြည်တော်ကောင်စီဥက္ကဋ္ဌ"**လို့ ဖြည့်စွက်ရန် သင့်လျော်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

ဒါ့အပြင် အပိုဒ် ၃၇ တွင် ဖော်ပြထားသော ပြည်ထောင်စုနယ်မြေဖြစ်သည့် ကိုကိုးကျွန်းမြို့နယ် အုပ်ချုပ်ရေးနှင့်စပ်လျဉ်း၍ ချမှတ်ထားသာ အသေးစိတ်အခြေခံရမည့်မူများကို မလိုအပ်တော့၍ ဆက်လက်ဖော်ပြခြင်းမပြုတော့ပါကြောင်း ရှင်းလင်းပြောကြားချက်မှာလည်း လျော်ကန်သင့်မြတ်ကြောင်း" ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က–

"အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်ကို လေ့လာလိုက်သည့်အခါမှာ ချမှတ်ပြီးအခြေခံမူ နှင့် အသေးစိတ် အခြေခံ ရမယ့်မူများအနက် ဖြည့်စွက်ခြင်းအတွက် (၈)ချက်၊ ပြင်ဆင်ခြင်းအတွက် (၅)ချက်၊ ပယ်ဖျက်ခြင်းအတွက် (၁)ချက်နဲ့ ပြောင်းရွှေ့ဖော်ပြခြင်း (၁)ချက် စုစုပေါင်း (၁၅)ချက်ပါရှိတာ လေ့လာတွေ့ရှိရကြောင်း၊ ယင်း(၁၅)ချက်ကို ဖြည့်စွက်၊ ပြင်ဆင်၊ ပယ်ဖျက်၊ ပြောင်းရွှေ့သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

စာမျက်နှာ ၆ မှ

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

ညီလာခံကိုယ်စားလှယ် အစုအဖွဲ့(၈)ဖွဲ့အနက် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားသော ကိုယ်စားလှယ်များအစုအဖွဲ့က ဆွေးနွေးတင်ပြသော အကြံပြုချက်စာတမ်း (၄)စောင်အနက်–

- တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်
- မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်

တို့ရဲ့သဘာထားကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်တဲ့ ယင်းတို့ရဲ့ နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။

ယင်းဆွေးနွေးချက်များအတိုင်းပင် သက်ဆိုင်ရာ ကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားတာကို တွေ့ရပါတယ်။

အဲဒီကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာမှုထန်၊ ရှမ်းပြည်နယ် ရွာင်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်းနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ်မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဦးထွန်းကျော်တို့က–

"နိုင်ငံတကာ အစဉ်အလာအရ ဗဟိုအစိုးရရုံးစိုက်ရာမြို့ကို နိုင်ငံရဲ့မြို့တော်အဖြစ် သတ်မှတ်ပြီး အချို့နိုင်ငံများမှာ ယင်းမြို့တော်များကို နိုင်ငံတော်သမ္မတ သို့မဟုတ် ဗဟိုအစိုးရက တိုက်ရိုက်အုပ်ချုပ်လေ့ ရှိပါတယ်။ ယခုအခါ နိုင်ငံတော်အစိုးရနှင့်တကွ ဗဟိုအစိုးရရုံးများ နေပြည်တော်တွင် ရုံးစိုက်လျက်ရှိနေကြပြီဖြစ်ရာ နိုင်ငံတော်၏မြို့တော်သည် နေပြည်တော် ဖြစ်နေပါတယ်။ ထို့ကြောင့် အထက်ဖော်ပြပါ အသေးစိတ်အခြေခံရမယ့်မူအပါ နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် ရန်ကုန်မြို့တော်ဟူသော စကားရပ်ကို ပြင်ဆင်ရန်လိုအပ်လာပါတယ်။ ထို့အတူ ကိုကိုးကျွန်းမြို့နယ်ကိုလည်း နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် ချမှတ်ထားသော အသေးစိတ်အခြေခံရမယ့်မူကိုလည်း ပယ်ဖျက်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အဲဒီကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များဖြစ်ကြတဲ့ ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က–

"နိုင်ငံတော်၏မြို့တော် မဟုတ်တော့တဲ့အတွက် နိုင်ငံတော်သမ္မတက တိုက်ရိုက်အုပ်ချုပ်တဲ့ ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ခြင်းမှ ပယ်ဖျက်ပြီး နိုင်ငံတော်၏မြို့တော်ဖြစ်သည့် နေပြည်တော်၏ စည်ပင်သာယာရေးနယ်နိမိတ်ကို ပြည်ထောင်စုနယ်မြေအဖြစ်သတ်မှတ်၍ နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသင့်ပါတယ်။

သို့ဖြစ်ပါ၍ ရန်ကုန်မြို့တော်ဟူသော အသုံးအနှုန်းအစား ရန်ကုန်မြို့ဟူ၍ သုံးနှုန်းသင့်ပါတယ်။ ဒါ့အပြင် ထူးခြားသော အခြေအနေရှိသည့် ကိုကိုးကျွန်းမြို့နယ်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်ဟု ချမှတ်ထားသော အသေးစိတ်အခြေခံရမည့်မူကိုလည်း ပယ်ဖျက်သင့်ပါတယ်။ ရန်ကုန်မြို့နှင့် ကိုကိုးကျွန်းမြို့နယ်တို့ကို ပြည်ထောင်စုနယ်မြေအဖြစ်မှ ပယ်ဖျက်လိုက်သည့်အတွက် ယင်းတို့ကို ရန်ကုန်တိုင်းဒေသကြီးအတွင်း၌သာ လက်ရှိအတိုင်း တည်ရှိနေမှာဖြစ်ပါတယ်။

ကိုကိုးကျွန်းမြို့နယ်ကို ပြည်ထောင်စုနယ်မြေအဖြစ်မှ ပယ်ဖျက်ခြင်းအားဖြင့် အထက်အပိုဒ်(ခ)ပါ အသေးစိတ်အခြေခံရမယ့်မူကို ဆက်လက်ဖော်ပြရန် မလိုတော့ပါ။ သို့သော် အပိုဒ်(ဂ)ကို ဆက်လက် ထားရှိသင့်သဖြင့် အပိုဒ်(ဂ) ကို အပိုဒ်(ခ)အဖြစ် ဖော်ပြသင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့က–

"ယခုအခါ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနဲ့တကွ ဗဟိုအစိုးရရုံးများက နေပြည်တော်တွင် ရုံးစိုက်လျက်ရှိကြသဖြင့် နိုင်ငံတော်၏မြို့တော်သည် နေပြည်တော် ဖြစ်ပါတယ်။ ရန်ကုန်မြို့ဟာ နိုင်ငံတော်၏ မြို့တော်မဟုတ်တော့တဲ့အတွက် နိုင်ငံတော်သမ္မတက တိုက်ရိုက်အုပ်ချုပ်တဲ့ ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ထားခြင်းမှ ပယ်ဖျက်ပြီး ယခုအခါ နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်၏ စည်ပင်သာယာရေးနယ်နိမိတ်ကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်၍ နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသင့်ပါတယ်။

ဒါ့အပြင် "ထူးခြားသော အခြေအနေရှိသည့် ကိုကိုးကျွန်းမြို့နယ်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်"ဟု ချမှတ်ထားသော အသေးစိတ်အခြေခံရမယ့်မူကိုလည်း ဆက်လက်ထားရှိရန် မလိုအပ်တော့တဲ့အတွက် ပယ်ဖျက်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့က–

"နိုင်ငံတကာ အစဉ်အလာအရ ဗဟိုအစိုးရရုံးစိုက်ရာမြို့ကို နိုင်ငံတော်ရဲ့ မြို့တော်အဖြစ် သတ်မှတ်ပြီး အချို့နိုင်ငံများမှာ ယင်းမြို့တော်များကို နိုင်ငံတော်သမ္မတ သို့မဟုတ် ဗဟိုအစိုးရက တိုက်ရိုက်အုပ်ချုပ်လေ့ရှိကြပါသည်။ ယခုအခါ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနဲ့တကွ ဗဟိုအစိုးရရုံးများက နေပြည်တော်တွင် ရုံးစိုက်လျက်ရှိကြသဖြင့် နိုင်ငံတော်၏ မြို့တော်သည် နေပြည်တော် ဖြစ်ပါတယ်။ ယခုအခါ နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်၏ စည်ပင်သာယာရေးနယ်နိမိတ်ကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်၍ နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့က–

"နိုင်ငံတကာ အစဉ်အလာအရ ဗဟိုအစိုးရရုံးစိုက်ရာမြို့ကို နိုင်ငံတော်ရဲ့ မြို့တော်အဖြစ် သတ်မှတ်ပြီး အချို့နိုင်ငံများမှာ ယင်းမြို့တော်များကို နိုင်ငံတော် သမ္မတ သို့မဟုတ် ဗဟိုအစိုးရက တိုက်ရိုက်အုပ်ချုပ်လေ့ရှိကြပါတယ်။ ယခုအခါ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနဲ့တကွ ဗဟိုအစိုးရရုံးများက နေပြည်တော် တွင် ရုံးစိုက်လျက်ရှိကြသဖြင့် နိုင်ငံတော်၏မြို့တော်သည် နေပြည်တော် ဖြစ်ပါတယ်။ ထို့ကြောင့် နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်၏ စည်ပင်သာယာရေးနယ်နိမိတ်ကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်၍ နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသင့်ပါတယ်။

ထို့အပြင် ရန်ကုန်မြို့နှင့် ကိုကိုးကျွန်းမြို့နယ်တို့ကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ထားခြင်းမှ ပယ်ဖျက်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့က–

"နိုင်ငံတော်၏ မြို့တော်သည် "နေပြည်တော်"ဟု ပြင်ဆင်အတည်ပြု၍ အခြေခံမူအဖြစ် ချမှတ်ပြီး ဖြစ်သည့်အတွက် ရန်ကုန်မြို့ကို ပြည်ထောင်စုနယ်မြေအဖြစ်မှ ပယ်ဖျက်ရန်လိုအပ်ပြီး နိုင်ငံတော်၏ မြို့တော်ဖြစ်သော နေပြည်တော်၏ စည်ပင်သာယာရေးနယ်နိမိတ်ကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်၍ ကိုကိုးကျွန်းမြို့နယ်ကိုလည်း ပြည်ထောင်စုနယ်မြေအဖြစ်မှ ပယ်ဖျက်ရန် ဖြစ်ပါတယ်။ အထက်ပါ ပြင်ဆင်ဖြည့်စွက်မှုများမှလည်း နေပြည်တော်သည် နိုင်ငံတော်၏မြို့တော်အဖြစ် ပြင်ဆင်သတ်မှတ်ခဲ့ပြီး ဖြစ်သဖြင့် ပြည်ထောင်စုနယ်မြေသတ်မှတ်ခြင်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့က–

"၂၀၀၇ခုနှစ် သြဂုတ်လ ၃ ရက်နေ့က ကျင်းပတဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးက **"နေပြည်တော်သည် နိုင်ငံတော်၏ မြို့တော်ဖြစ်သည်"** လို့ အသေးစိတ်အခြေခံရမည့်မူတစ်ရပ် ချမှတ်ပြီးလည်းဖြစ်ပါတယ်။ ဒါကြောင့် ရန်ကုန်မြို့ဟာ နိုင်ငံတော်၏မြို့တော် မဟုတ်တော့တဲ့အတွက် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ခြင်းမှ ပယ်ဖျက်ပြီး နိုင်ငံတော်၏ မြို့တော်ဖြစ်တဲ့ နေပြည်တော်၏ စည်ပင်သာယာရေးနယ်နိမိတ်ကို ပြည်ထောင်စုနယ်မြေအဖြစ် နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသင့်ပါတယ်။ ထို့အတူ ကိုကိုးကျွန်းမြို့နယ်ကိုလည်း ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ထားခြင်းမှ ပယ်ဖျက်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က–

ပြည်ထောင်စုနယ်မြေသတ်မှတ်ခြင်းနဲ့စပ်လျဉ်းပြီး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့် ပြင်ဆင်ချမှတ်သင့်သည့် အချက်အပေါ် ထောက်ခံဆွေးနွေးသွားတာ တွေ့ရှိရပါတယ်။

21-8 (07) 1 8/21/07, 2:45 AM

✳ ကျောဖုံးမှ

အဆိုပါအခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့်ဇနီး၊ အရှေ့မြောက်ပိုင်း စစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများနှင့်၎င်းတို့၏ ဇနီးများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား မိဘများ၊ ဆရာ ဆရာမများနှင့် ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများကိုဂုဏ်ပြုခြင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ ပညာရေးမြင့်တင်မှုဆိုင်ရာ ပညာရေးငွေပဒေသာပင်စိုက်ထူဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

စီစဉ်ဆောင်ရွက်ထားရှိ

ဆက်လက်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) တွဲဖက်ပြည်နယ် ပညာရေးမှူး ဦးခင်မောင်ထွေးက ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသားကျောင်းသူများအား ထူးချွန်စွာ အောင်မြင်ရေးအတွက် ဆောင်ရွက်ခဲ့ခြင်းနှင့် ပြည်နယ်၏ ပညာရည်မြင့်မားရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရှမ်းပြည်နယ်(မြောက်ပိုင်း) ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ ပညာရည်ချွန်ဆုချီးမြှင့်သည့် အခမ်းအနားကိုကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ငါးဘာသာဂုဏ်ထူးရှင် နောင်ချိုမြို့ အခြေခံပညာအထက်တန်းကျောင်းမှ မောင်ကိုကိုသန့်ဇင်၊ လေးဘာသာ ဂုဏ်ထူးရှင်များဖြစ်ကြသော လားရှိုးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ စိုင်းအောင်စန်၊ မောင်တေဇအောင်၊ မောင်ဗညားဦး၊ လားရှိုးမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ မောင်စိုးကမ္ဘာစိတ်၊ မောင်ကျော်နိုင်၊ မစိန်စိန်ဝင်း၊ လားရှိုးမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ မဆွေသက်နှင်းနှင့် ကျောက်မဲမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဥက္ကာကိုကို တို့အား ဆုများနှင့်ဆုငွေများကို ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် တာဝန်ရှိသူများက သုံးဘာသာ ဂုဏ်ထူးရှင်များ၊ အောင်ချက်အကောင်းဆုံးမြို့နယ်နှင့် အထက်တန်း ကျောင်းများနှင့် ထူးချွန်ကျောင်းသား ကျောင်းသူများအား ဆုများနှင့်ဆုငွေများကို ချီးမြှင့်ကြသည်။

ယင်းနောက် ပညာရည်ချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများ ကိုယ်စား ထူးချွန်ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

အစဉ်ခေတ်မီနေစေရေး

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အမှာစကား ပြောကြားရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)သည် လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ နှစ်၃၀ ကြာမှ လားရှိုးမြို့၌ ဒေသကောလိပ်တစ်ခု ဖွင့်လှစ်နိုင်ခဲ့ပြီး ယခုအခါ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်၌ ကောလိပ်အဆင့်သာမဟုတ်ဘဲ လားရှိုးတက္ကသိုလ်နှင့် လားရှိုးနည်းပညာတက္ကသိုလ်၊ လားရှိုးကွန်ပျူတာတက္ကသိုလ်ဟူ၍ တက္ကသိုလ်ကြီး သုံးခုအထိ ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ အလားတူပင် အခြေခံပညာရေးပိုင်း၌ ကြည့်လျှင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ ၁၉၈၈ခုနှစ်၌ အထက်တန်းကျောင်း ၂၃ကျောင်းသာရှိရာမှ ယခုအခါ ၅၃ကျောင်းတည်ဆောက်နိုင်ခဲ့ပြီး အထက်တန်းကျောင်း ၃၀တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ အလားတူအလယ်တန်းကျောင်း လေးကျောင်း၊ မူလတန်းကျောင်း ၁၅၂၀အထိ တိုးချဲ့ဖွင့်လှစ်ပေးခဲ့ကြောင်း၊ နိုင်ငံတော်က ယင်းသို့ ပညာရေးကဏ္ဍနှင့်ကျောင်းများတိုးချဲ့ပေးသကဲ့သို့ ပညာခေတ်၌ နိုင်ငံတကာနှင့် ယှဉ်နိုင်အောင် နိုင်ငံတော်အကြီးအကဲက ဆရာ ဆရာမများ အရည်အသွေးပြည့်ဝရေးဆောင်ရွက်ရန် သင်ရိုးမာတိကာနှင့် သင်ရိုးညွှန်းတမ်းများ အစဉ်ခေတ်မီနေစေရေး ဆောင်ရွက်ရန်၊ သင်ထောက်ကူပစ္စည်းများ ပြည့်စုံအောင်ဆောင်ရွက်ရန်၊ စိတ်ဓာတ်နှင့်စည်းကမ်းပြည့်စုံသူများဖြစ်အောင် လေ့ကျင့်ပေးရန်နှင့် တိုင်းပြည်နှင့် လူမျိုးကို ချစ်သောသူများဖြစ်အောင် လေ့ကျင့်ပေးရန် လမ်းညွှန်မှုပေးခဲ့ကြောင်း။

အထူးအားရ

ယင်းလမ်းညွှန်ချက်အတိုင်းပညာရေးပိုင်း၌ တာဝန်ရှိသူများက အလေးအနက်ထားလုပ်ဆောင်ရန်နှင့် စေတနာထားကြိုးစားဆောင်ရွက်စေလိုကြောင်း၊ ဒေသ၌ တာဝန်ရှိသော တိုင်းမှူးကလည်း ပညာရေးထူးချွန်သူများကို ထိုက်ထိုက်တန်တန်ချီးမြှင့်ခဲ့၍ နိုင်ငံ့ကိုယ်စား အထူးအားရဝမ်းသာမှု ဖြစ်ရပါကြောင်း၊ ယခုကဲ့သို့ ပံ့ပိုးပေးမှုများကြောင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ ပညာရေးတိုးတက်လာသည်ဟုယူဆပါကြောင်း၊ ဆက်လက်၍ မိဘဆရာ ကျောင်းသားနှင့်တာဝန်ရှိ အဖွဲ့အစည်းများက ပညာရေးဖြင့်ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်နိုင်ရန် ကြိုးပမ်းကြစေလိုကြောင်း၊ အားထားရသောပညာတတ်လူငယ်များ မွေးထုတ်နိုင်ရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက် သွားကြရန်လိုကြောင်းဖြင့် အကျယ်တဝင့်ရှင်းလင်းမှာကြားသည်။

ယင်းနောက် လားရှိုးမြို့ အခြေခံပညာ အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် ဖျော်ဖြေဧည့်ခံ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆုများချီးမြှင့်

အဆိုပါ အခမ်းအနားတွင် ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ရှစ်ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် ၁၁ဦး အပါအဝင် ဂုဏ်ထူးရှင် စုစုပေါင်း ၂၀တို့အား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် နမ္မတူမြို့နယ် မန်စံကျေးရွာရှိ ရွှေလီ-မန်စံ-ရွှေစာရံ ကေဗွီ ၂၃၀ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ရေး စီမံကိန်းသို့ ရောက်ရှိကြသည်။

ဖြည့်စွက်ရှင်းလင်း

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များအား စီမံကိန်း ရှင်းလင်းဆောင်၌ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(မြောက်ပိုင်း) လားရှိုး၊ စီမံကိန်း မန်နေဂျာ ဦးအောင်ကျော်ဦးက အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် YUPD Co.,Ltd. တို့အကောင်အထည်ဖော်ဆောင်ရွက်နေသည့် မဂ္ဂါဝပ် ၆၀၀ အင်အားရှိ ရွှေလီအမှတ်(၁) ရေအားလျှပ်စစ်စက်ရုံမှ ဓာတ်အားပမာဏကို အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားစနစ်သို့ သွယ်တန်း၍ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဝင်းအောင်နှင့် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တင်ပြချက်များအပေါ် လိုအပ်သည်များကိုမှာကြားပြီး စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ စီမံကိန်းကို ၂၀၀၅ခုနှစ် အောက်တိုဘာလပိုင်းမှ စတင်တည်ဆောက်ခဲ့ပြီး ယခုအခါ မဟာဓာတ်အားလိုင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုသည် ဖောင်ဒေးရှင်းတိုင် ၈၂ ရာခိုင်နှုန်း၊ တိုင်ဆင်ခြင်း၃၄ ရာခိုင်နှုန်းနှင့် ကြိုးဆွဲခြင်း ၁၂ရာခိုင်နှုန်း ပြီးစီးနေကြောင်း သိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့သည် မန်စံ-လားရှိုး ကားလမ်းတစ်လျှောက် လမ်းဘေးဝဲယာရှိ အောင်မြင်ဖြစ်ထွန်းနေသော မိုးစပါးနှင့် ပြောင်းစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး လားရှိုးမြို့သို့ ပြန်လည်ရောက်ရှိသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်များ တွေ့ဆုံပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်သူများ စာများများဖတ်ရှုခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အကူပြု စာပေလောက ဖွံ့ဖြိုးရေးအတွက် ပြည်ပသို့ ထိုးဖောက်နိုင်အောင်စွမ်းဆောင် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏အခြေခံကောင်းများ ပိုမိုကောင်းမွန်အောင်ကြိုးပမ်း

ရန်ကုန် ဩဂုတ် ၂၀

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်များတွေ့ဆုံပွဲ အခမ်းအနားကို ယနေ့ညနေ၃နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ် ထုတ်ဝေရေးလုပ်ငန်း ဗဟိုပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

တွေ့ဆုံပွဲအခမ်းအနားသို့ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးတင်ခ (တက္ကသိုလ်တင်ခ)၊ ဦးသန်းမောင် (သန်းမောင်)၊ ဦးမြင့်သိန်း (မြင့်သိန်းအောင်)၊ အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး (ဒေါက်တာတင်ထွန်းဦး)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ တက်ရောက်ကြသည်။

ရွေးချယ်တာဝန်ပေး

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အဖွင့်အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ အဖွဲ့ဝင်များအား ၂၀၀၆ခုနှစ် ဇူလိုင် ၁ရက်တွင် ရွေးချယ် တာဝန်ပေးအပ်ခဲ့ကြောင်း၊ ယခုဆိုလျှင် ကာလအားဖြင့် ၁၃လရှိခဲ့ပြီဖြစ်ကြောင်း၊ အဆိုပါ ဗဟိုအမှုဆောင်ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းသည့် အခမ်းအနားသို့နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် စာပေလောကသားများ ပူးပေါင်း၍ နိုင်ငံတော်အကျိုး သယ်ပိုးဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း။

မိမိအနေဖြင့်လည်း ၂၀၀၆ခုနှစ် ဩဂုတ်လတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး အဖွဲ့အနေဖြင့် အမျိုးသားရေး၊ စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာပေလောကသားများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အခြေခံအချက်များအဖြစ် ချမှတ်ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း၊ ယင်းအဖွဲ့သည် ယခုအခါ အဆိုပါအခြေခံအချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း။

ရှင်းလင်းတင်ပြ

ယခုတွေ့ဆုံပွဲ ကျင်းပခြင်းမှာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ အနေဖြင့် ရွေးချယ် ဖွဲ့စည်းခဲ့သည့် ၁၃လတာ ကာလအတွင်းတွင် လုပ်ငန်းဆောင်ရွက်နိုင်မှုများ၊ အောင်မြင်မှုများ၊ အားနည်းချက်၊ အားသာချက်များအပေါ် ညှိနှိုင်းသုံးသပ်ပြီး လာမည့်နှစ်၊ လာမည့် အနာဂတ်တွင် ပိုမို တိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်နိုင်ရေးနှင့် အခြေခံအချက် (၃)ရပ်နှင့်အညီ ဆောင်ရွက်ရာတွင် လိုအပ်သည်များ ပံ့ပိုး ကူညီနိုင်မည့် ကိစ္စရပ်များကို ဗဟိုအမှုဆောင်ကော်မတီအဖွဲ့ဝင်များက ရှင်းလင်းတင်ပြနိုင်ရေးတို့အတွက် ပင် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)က အဖွဲ့၏ ဆောင်ရွက်ချက်များကို ပဏာမ ရှင်းလင်းတင်ပြသည်။

ဆောင်ရွက်ချက်

ဆက်လက်၍ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦးက ဗဟိုအမှုဆောင်ကော်မတီနှင့်ကော်မတီအသီးသီးတို့၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

အားကိုးယုံကြည်

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပြောကြားရာတွင် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့သည် NGO အဖွဲ့အစည်းတစ်ခု အနေဖြင့် စည်းကမ်း စနစ်တကျဖြင့် ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ အနေဖြင့် ပြည်သူများ၏ အားကိုးယုံကြည်သည့် အဖွဲ့ကြီး ဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အလားတူ အဖွဲ့အနေဖြင့် တစ်နှစ်တာကာလအတွင်း အခြေခံအချက်(၃)ချက် အကောင်အထည်ဖော်ဆောင်ရွက်မှုအပါအဝင် လုပ်ငန်းကဏ္ဍများစွာကို ကြိုးပမ်းဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ယင်းအခြေခံကောင်းများကို ယခုထက် ပိုမိုကောင်းမွန်အောင် စည်းလုံး ညီညွတ်စွာဖြင့် ဆက်လက် ဆောင်ရွက်သွားကြရန်လိုကြောင်း။

စာဖတ်နှုန်းမြင့်မားလာ

စာပေလောက ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ပြည်သူများ စာဖတ်သည့် အလေ့အကျင့် ပိုမိုမြင့်မားလာစေရန် ကြိုးပမ်းဆောင်ရွက်ရေးသည် အရေးကြီးသည့် အခြေခံအချက်ဖြစ်ကြောင်း၊ ပြည်သူများ စာများများ ဖတ်ရှုခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုကြောင်း၊ စာဖတ်နှုန်း မြင့်မားလာအောင် ဆောင်ရွက်ရာတွင် လူဦးရေအများစုဖြစ်သည့် ကျေးလက်လူထုကို Target Audience အဖြစ် သတ်မှတ်၍ ဦးတည်ဆောင်ရွက်သင့်ကြောင်း၊ ထို့အတူ စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းတွင်သာမက ပြည်ပသို့လည်း ထိုးဖောက်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်သင့်ကြောင်း။

တုံ့ပြန်ချေဖျက်

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်း အဖွဲ့အနေဖြင့် အမျိုးသားရေးအကျိုးစီးပွားကို ဖော်ဆောင်ရာတွင်လည်း အမျိုးသားရေးအမြင်ဖြင့် ပိုမိုဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပအဖျက်သမားများက မီဒီယာများမှတစ်ဆင့် နှောင့်ယှက်ဖျက်ဆီးနေမှုများကို အမျိုးသားရေးအမြင်ဖြင့် တုံ့ပြန်ချေဖျက်သွားကြရန်လည်း လိုကြောင်းဖြင့် ပြောကြားသည်။

ပံ့ပိုးဖြည့်ဆည်း

ထို့နောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်များက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့်ပတ်သက်၍ဆွေးနွေးတင်ပြကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မဒေါက်မြို့၌ စိုးရိမ်ရေမှတ်ဆက်လက်ရှိ

နေပြည်တော် ဩဂုတ် ၂၀

စစ်တောင်းမြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲ တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၁၂၉ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက်၌ ၅၉စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်၇၂နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၀၇၀ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာထားသည်။

(သတင်းစဉ်)

ရောဝတီတိုင်း ရေကြီးရေလျှံခဲ့သော ကျေးရွာများ ထောက်ပံ့ပစ္စည်းများလှူဒါန်း ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်ပြီး လူမှုရေးအသင်းအဖွဲ့များအား ဂုဏ်ပြု

ရန်ကုန် ဩဂုတ် ၂၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၁၉ ရက် နံနက်ပိုင်းက ရောဝတီတိုင်း မအူပင်ခရိုင်နှင့် ဟင်္သာတခရိုင်အတွင်းရှိ မြို့နယ်များ၏ စည်ပင်သာယာရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုများအား လှည့်လည်ကြည့်ရှုပြီး ရေးကြီးရေလျှံခဲ့သောကျေးရွာများသို့ ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်ခဲ့သည်။

ထောက်ပံ့ပစ္စည်းပေးအပ်

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာ ခမ္မာရုံ၌ ကျင်းပသော ညောင်တုန်းမြို့နယ်တွင် မြစ်ရေမြင့်တက်မှုကြောင့် ရေကြီး ရေလျှံခဲ့သောကျေးရွာများသို့ ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ **(အပေါ်ယာပုံ)**

အဆိုပါအခမ်းအနားသို့ မအူပင်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်သည်။

အစီအစဉ်အရ ညောင်တုန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်တင်က ညောင်တုန်းမြို့နယ်အတွင်း ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ကျေးရွာများ ရေကြီးခဲ့မှုအခြေအနေများနှင့် ဆောင်ရွက်ပေးခဲ့မှုအခြေအနေများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများတို့မှ ပါဝင်ပူးပေါင်းကူညီမှုတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ညောင်တုန်းမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းတွဲဖက်အတွင်းရေးမှူး ဦးတိုးလှိုင်က ကျေးရွာများရေကြီးခဲ့မှုအပေါ် အသင်းကြီးက ပါဝင်ကူညီဆောင်ရွက်ပေးမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က ရေကြီးနစ်မြုပ်ဒေသများသို့ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ ပါဝင်ဆောင်ရွက်မှုများကို ဂုဏ်ပြုအမှာစကား ပြောကြားသည်။

လက်ခံရယူ

ဆက်လက်၍ ဗဟို အလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က ရေကြီးရေလျှံခဲ့သော ပါလှဲ့ကျေးရွာအုပ်စုရွာမနှင့် ကုန်းတန်းကျေးရွာတို့မှ အိမ်ထောင်စုဝင်များအား ဆန်အိတ် ၂၀၊ အဝတ်အထည် အစုံ၃၀၀၊ ရေသန့်ပစ္စည်းအစုံ ၂၀၀ တို့ကို ပေးအပ်ရာ ပါလှဲ့ကျေးရွာ ပြည်သူများ ကိုယ်စားကိုယ်စားလှယ်များကလက်ခံရယူသည်။

ထို့နောက် ကျေးရွာနေပြည်သူများကိုယ်စား ကျေးရွာပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးရွှေကျီးက ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့ခြင်းအပေါ် ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

တက်ရောက်

ဆက်လက်၍ ဗဟို အလုပ်အမှုဆောင်ဝန်ကြီးသည် ရေယာဉ်ဖြင့် ပန်းတနော်မြို့နယ် တောကျောင်းကျေးရွာအုပ်စု ယင်းတိုက်ကုန်းအခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ရေကြီး၊ ရေလျှံခဲ့သော ကျေးရွာများသို့ ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ ပန်းတနော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဦးက မြို့နယ်အတွင်း ရေကြီးရေလျှံခဲ့မှုအခြေအနေများ၊ ကမ်းပါးပြို၍ ယာယီရွှေ့ပြောင်းဆောင်ရွက်ပေးခဲ့မှုအခြေအနေများနှင့် ကြိုတင်ကာကွယ်တားဆီးမှုအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ပူးပေါင်းဆောင်ရွက်

ထို့နောက် ပန်းတနော်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးမြင့်ရွှေဦးက မြို့နယ်အတွင်း ရေကြီးရေလျှံခဲ့မှုများအပေါ် အသင်းကြီးက လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက အမှာစကားပြောကြားသည်။

ယင်းနောက် စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ)ဦးစိုးကိုကိုက ပေးအပ်လှူဒါန်းသည့် ရေသန့်စင်ပစ္စည်းများ သုံးစွဲပုံစနစ်ကို ရှင်းလင်းပြသသည်။

ဆက်လက်၍ ဗဟို အလုပ်အမှုဆောင်ဝန်ကြီးက ရေကြီးရေလျှံမိုးခဲ့သော ဒေါင့်ကြီးကျေးရွာ၊ ကျောင်းတော်ကလေးကျေးရွာနှင့် အနောက်မရမ်းကုန်းစာဖြူစုကျေးရွာများမှ အိမ်ထောင်စုဝင်များအား ထောက်ပံ့ပစ္စည်းများဖြစ်သော ဆန်အိတ် ၅၀၊ အဝတ်အထည်၁၂၀၀နှင့် ရေသန့်ပစ္စည်း ၅၀၀ တို့ကို ပေးအပ်လှူဒါန်းရာ ကျေးရွာအလိုက်ကိုယ်စားလှယ်များကအသီးသီး လက်ခံရယူသည်။

ထို့နောက်ပန်းတနော်မြို့နယ်အသင်း(ရန်ကုန်) နာယက ဦးသိန်းအောင်က ဆန်အိတ် ၁၈၀ ကိုလည်းကောင်း၊ ပန်းတနော်မြို့နယ်အသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်ကျော်(အငြိမ်းစား)က ကျပ်ခုနစ်သိန်း တန်ဖိုးရှိသော ဆေးပစ္စည်းမျိုးစုံတို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ကျေးရွာအလိုက် ကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ယင်းနောက် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ခြင်းအပေါ် ကျေးရွာပြည်သူများကိုယ်စား ဒေါင့်ကြီးကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဦးမြင့်စိုးက ကျေးဇူးတင်စကား ပြောကြားသည်။

ပေးအပ်လှူဒါန်း

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ဓနုဖြူမြို့နယ် သပြုကျေးရွာရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသော ရေကြီးရေလျှံခဲ့သော ကျေးရွာများသို့ ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ ဓနုဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်က ရေကြီးရေလျှံမှုအခြေအနေများ၊ ဆောင်ရွက်ပေးမှုအခြေအနေများနှင့် လူမှုရေးအသင်းအဖွဲ့များမှ ပါဝင်ပူးပေါင်းကူညီမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးသိန်းဝင်းက မြို့နယ်အတွင်း မြစ်ရေမြင့်တက်မှုကြောင့် ကျေးရွာများရေကြီးခဲ့မှုအပေါ် အသင်းကြီးက ပါဝင်ပူးပေါင်းလုပ်ဆောင်ပေးခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟို အလုပ်အမှုဆောင်ဝန်ကြီးကအမှာစကားပြောကြားသည်။

ယင်းနောက် စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ) ဦးစိုးကိုကိုက ပေးအပ်လှူဒါန်းသည့် ရေသန့်စင်ပစ္စည်းများ သုံးစွဲပုံစနစ်ကို ရှင်းလင်းပြသသည်။

ဆက်လက်၍ ဗဟို အလုပ်အမှုဆောင်ဝန်ကြီးကရေကြီးရေလျှံခဲ့သော ပကွန်နှင့် သိန်းဆိပ်ကျေးရွာ ပြည်သူများသို့ ဆန်အိတ် ၂၀၊ အဝတ်အထည် အစုံ၃၀၀၊ ရေသန့်ပစ္စည်းအစုံ ၂၀၀တို့အား ပေးအပ်လှူဒါန်းရာ ကျေးရွာနေပြည်သူများကိုယ်စား ကိုယ်စားလှယ်များက အသီးသီး လက်ခံရယူသည်။

ထို့နောက် ဓနုဖြူမြို့နယ် ဆန်စက်ပိုင်ရှင်များအသင်းဥက္ကဋ္ဌ ဦးစောမောင်က ဆန်အိတ် ၂၅အိတ်ကို ပေးအပ်လှူဒါန်းရာ ပကွန် (တောင်)ကျေးရွာမှ ဦးတင်စုက လည်းကောင်း၊ ဓနုဖြူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်ဝင်းထွန်းက ဆန်နှစ်အိတ်ကို ပေးအပ်လှူဒါန်းရာ ပကွန်(မြောက်) ကျေးရွာမှ ဦးနေဝင်းအားလည်းကောင်း၊ မြို့ပေါ်စေတနာရှင်ပြည်သူများစုပေါင်း၍လှူဒါန်းငွေကျပ်၃၅၇၈၂၅အား အလှူရှင်များကိုယ်စား နဝရတ် စားသောက်ဆိုင်မှ ဦးဇော်မင်းက ပေးအပ်လှူဒါန်းရာ သိန်းဆိပ်ကျေးရွာမှ ဦးတင်ရှိန်က လည်းကောင်း အသီးသီးလက်ခံရယူသည်။

ကျေးဇူးတင်စကား

ယင်းနောက် သပြုကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဦးမြတ်စိုးက ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ခြင်းအပေါ် ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ စက်သုံးဆီဖြည့်တင်းသည့် ပန့်များစစ်ဆေး ပြည်သူများအား အဆင်ပြေစွာဆက်ဆံပြီး အချင်အတွယ်မှန်ကန်ရေး မှာကြား

ရန်ကုန် ဩဂုတ် ၂၀

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့မွန်းလွဲပိုင်းက ဧရာဝတီတိုင်း၊ ပုသိမ်မြို့ ကန်ကြီးထောင့်မြို့နယ် ထုံးဘိုကျေးရွာအနီးရှိ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံစီမံကိန်း တည်ဆောက်မည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းမန်နေဂျာ ဦးမြင့်လွင်က စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးရေးမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ပုသိမ်မြို့ စက်သုံးဆီအရောင်းဆိုင်အမှတ်-၀၁၃၉သို့ သွားရောက်ပြီး စက်သုံးဆီဖြန့်ဖြူးရောင်းချနေမှု အခြေအနေ၊ စက်သုံးဆီဖြည့်တင်းသည့် ပန့်များနှင့်စက်သုံးဆီသိုလှောင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး **(ဝဲပုံ)** စက်သုံးဆီအချင်အတွယ်မှန်ကန်စေရေး ငွေကြေးစာရင်းဇယားများကို သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရေး ပြည်သူများနှင့် အဆင်ပြေချောမောစွာဆက်ဆံရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ပုသိမ်မြို့ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း တိုင်းရောင်းဝယ်ရေးအရာရှိရုံးသို့ ရောက်ရှိရာ တိုင်းရောင်းဝယ်ရေးအရာရှိ ဦးသန်းထွန်းဦးက ဧရာဝတီတိုင်းအတွင်းစက်သုံးဆီလက်ခံရရှိမှုနှင့် ဖြန့်ဖြူးမှုအခြေအနေများ၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းက ဧကော၁၀၀တွင် ကြက်ဆူပင် ၁၂၀၀၀၀ ကျော် စိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဝန်ကြီးက စက်သုံးဆီများ လေလွင့်ဆုံးရှုံးမှု မရှိစေရေး၊ မသမာမှုများ ပပျောက်စေရေး၊ စိုက်ပျိုးပြီးကြက်ဆူပင်များကို ဂရုစိုက် ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ယခုထက်ပို၍ တိုးချဲ့စိုက်ပျိုးသွားရန်တို့ကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ညောင်တုန်း ရေနံနှင့်သဘာဝဓာတ်ငွေ့မြေသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ရေနံမြေအထွေထွေမန်နေဂျာ ဦးမြင့်ကျော်က ညောင်တုန်းရေနံမြေ၏ လက်ရှိတူးဖော်ထုတ်လုပ်နေမှုအခြေအနေနှင့်တွင်းသစ်အမှတ် (၄၂)ကိုအောင်မြင်စွာ တူးဖော်ဆောင်ရွက်ခဲ့မှု အခြေအနေများကိုလည်းကောင်း၊ ဘူမိဗေဒအရာရှိချုပ် ဦးမြင့်ဦးက ညောင်တုန်းဒေသ၏ ထုတ်လုပ်ပေးနိုင်မည့် ရေနံနှင့် သဘာဝဓာတ်ငွေ့အလားအလာများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ညောင်တုန်းဒေသတွင် တွင်းသစ်များ ဆက်လက်တူးဖော်သွားနိုင်ရေးလာမည့် ပွင့်လင်းရာသီတွင် အလားအလာကောင်းသည့် အဖျောက် မြောက်ပိုင်းဒေသတစ်ဝိုက်၌ တွင်းသစ်များ တိုးချဲ့ရှာဖွေတူးဖော်သွားနိုင်ရေးတို့ကို မှာကြားပြီး တွင်းတူးစက်နေရာ ချထားမှုနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့အထွက်တိုးရေး ဆောင်ရွက်သွားရမည့်အစီအမံများကို ချမှတ်ပေးသည်။

ထုတ်လုပ်

ထို့နောက် ဝန်ကြီးက တွင်းသစ်အမှတ် (၄၂)ကို အောင်မြင်စွာတူးဖော်ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်သည်။ အဆိုပါတွင်းသစ်အမှတ် (၄၂)မှ တစ်ရက်လျှင်သဘာဝဓာတ်ငွေ့ကုဗပေ သုံးသန်းကျော်ကို ထုတ်လုပ်ပေးလျက်ရှိသည်။

နှုတ်ဆက်အားပေး

ညနေပိုင်းတွင် ဝန်ကြီးသည် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့သို့ ရောက်ရှိပြီး ကျန်းမာရေးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်တို့မှ ပူးပေါင်းစီစဉ်သော ကွမ်းခြံကုန်းမြို့နယ်အတွင်းနှင့် အနီးပတ်ဝန်းကျင် မြို့နယ်၊ ကျေးရွာများမှ မျက်စိဝေဒနာရှင်များအားကွမ်းခြံကုန်းမြို့ ဓာတ်မာန်ခန်းမအတွင်း အခမဲ့မျက်စိ၊ မျက်မှန်စမ်းသပ်နေမှုနှင့်မြို့နယ်ပြည်သူ့ဆေးရုံ ခွဲစိတ်ဆောင်အတွင်း မျက်စိခွဲစိတ်ကုသနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုပြီး မျက်စိဝေဒနာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားကာ လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးအကြိုဗိုလ်လုပွဲ ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနအနိုင်ရ

နေပြည်တော် ဩဂုတ် ၂၀

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်(၁)ပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲတွင် နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပသည်။

ပေါင်းလောင်းအားကစားကွင်း

ညနေ ၃ နာရီခွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်(၁)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန	**နှစ်ဂိုး။**
ဘဏ္ဍာ/အခွန်	**တစ်ဂိုး။**

ကြည့်ရှုအားပေး

အဆိုပါ ဘောလုံးပြိုင်ပွဲသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ အရာထမ်း၊အမှုထမ်းများနှင့် အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

အကြိုဗိုလ်လုပွဲစဉ်(၂)

ဩဂုတ် ၂၁ရက် **(ယနေ့)** ညနေ ၃ နာရီခွဲတွင် နေပြည်တော်ပျဉ်းမနား ပေါင်းလောင်း အားကစားကွင်း၌ အကြိုဗိုလ်လုပွဲ ပွဲစဉ်(၂)ပြိုင်ပွဲကို ကျင်းပမည်ဖြစ်ရာ အားကစားဝန်ကြီးဌာနအသင်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(က-ပ)**

NLD ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုစိတ်မရှိ မြောင်မြို့နယ်နှင့် စစ်ကိုင်းမြို့နယ်တို့မှ ပါတီဝင်၁၈ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဩဂုတ် ၂၀

စစ်ကိုင်းတိုင်း မြောင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးဝိုက်၊ ဦးတင်ဝင်း၊ ဦးခင်မောင်မြင့်၊ ဦးကျော်ရန်နှင့် ဦးညွန့်တင်တို့အပါအဝင် ပါတီဝင် ၁၇ဦးနှင့် စစ်ကိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် မောင်မျိုးမင်းသန့်တို့သည် ဩဂုတ် ၁၀ ရက်တွင် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသ အာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

မြောင်မြို့နယ်နှင့် စစ်ကိုင်းမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာများတွင် NLD ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုစိတ်မရှိ၊ NLD ပါတီ၏လုပ်ရပ်များကို စိတ်ဝင်စားမှုမရှိတော့သဖြင့် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၇ မှ

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီက–

"အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားသည့်အတိုင်း အသေးစိတ်အခြေခံရမယ့်မူ အပိုဒ် ၃၅၊ အပိုဒ် ၃၆၊ အပိုဒ် ၁၆ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ်(၆)တို့ကို ဖြည့်စွက်သင့်ကြောင်းနှင့် အပိုဒ် ၃၇ ကို ပယ်ဖျက်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ မြို(ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့က–

"အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားသည့်အတိုင်း အသေးစိတ် အခြေခံရမယ့်မူ အပိုဒ် ၃၅၊ အပိုဒ် ၃၆၊ အပိုဒ် ၁၆၊ အပိုဒ်ခွဲ (ဂ)၊ အပိုဒ်ခွဲငယ် (၆) တို့ကို ဖြည့်စွက်သင့်ကြောင်းနှင့် အပိုဒ် ၃၇ကို ပယ်ဖျက်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

"အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားသည့်အတိုင်း အသေးစိတ်အခြေခံရမယ့်မူ အပိုဒ် ၃၅၊ အပိုဒ် ၃၆၊ အပိုဒ် ၁၆၊ အပိုဒ်ခွဲ (ဂ)၊ အပိုဒ်ခွဲငယ် (၆)တို့ကို ဖြည့်စွက်သင့်ကြောင်းနှင့် အပိုဒ် ၃၇ ကို ပယ်ဖျက်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်က–

"အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားသည့်အတိုင်း အသေးစိတ်အခြေခံရမယ့်မူ အပိုဒ် ၃၅၊ အပိုဒ် ၃၆၊ အပိုဒ် ၁၆၊ အပိုဒ်ခွဲ (ဂ)၊ အပိုဒ်ခွဲငယ် (၆)တို့ကို ဖြည့်စွက်သင့်ကြောင်းနှင့် အပိုဒ် ၃၇ ကို ပယ်ဖျက်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီက–

"အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်ပါ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများမှ အနည်းငယ်သော အချက်အလက်အပေါ် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်နှင့် စပ်လျဉ်းပြီး သဘောတူထောက်ခံပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ 'ဝ' အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

"၁၉၉၆ ခုနှစ် မတ်လ ၂၈၊ ၂၉နှင့် ၃၀ ရက်နေ့များတွင် ကျင်းပပြုလုပ်ခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးက ချမှတ်ခဲ့သော အသေးစိတ်အခြေခံရမည့်မူများအနက် အပိုဒ် ၃၅ ပါ ပြည်ထောင်စုနယ်မြေဖြစ်သည့် ရန်ကုန်မြို့တော်အုပ်ချုပ်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း ချမှတ်ထားသော အသေးစိတ်အခြေခံရမည့်မူများတွင်ပါရှိသည့် "ရန်ကုန်မြို့တော်"ဟူသော စကားရပ်အစား "နေပြည်တော်" ဟု လည်းကောင်း၊ ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းခြင်းအတွက် ချမှတ်ထားသော အသေးစိတ်အခြေခံရမယ့်မူ အပိုဒ် ၁၆ အပိုဒ်ခွဲ (ဂ)၊ အပိုဒ်ခွဲငယ် (၆)တွင် အဖွဲ့ဝင်အဖြစ် "ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌ"ဟု ဖော်ပြထားသည့် စကားရပ်အစား "နေပြည်တော်ကောင်စီဥက္ကဋ္ဌ"လို့ ဖြည့်စွက်တာဟာ ဆီလျော်မှုရှိပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

ညီလာခံကိုယ်စားလှယ် အစုအဖွဲ့(၈)ဖွဲ့အနက် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့က ဆွေးနွေးတင်ပြသော အကြံပြုချက်စာတမ်း (၄)စောင်အနက်–

- တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်
- မြို (ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်

တို့ရဲ့သဘောထားကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်တဲ့ ယင်းတို့ရဲ့ နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ယင်းဆွေးနွေးချက်များအတိုင်းပင် သက်ဆိုင်ရာ ကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားတာကို တွေ့ရပါတယ်။

အဲဒီ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာမူထန်၊ ရှမ်းပြည်နယ် ရွာငံမြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဦးအောင်သိန်းနဲ့ ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဦးထွန်းကျော်တို့က–

"၁၉၉၆ ခုနှစ် မတ်လ ၂၈၊ ၂၉ နှင့် ၃၀ ရက်နေ့များတွင် ချမှတ်ခဲ့သော အသေးစိတ်အခြေခံရမည့်မူများအနက် အပိုဒ် ၃၅ပါ ပြည်ထောင်စုနယ်မြေဖြစ်သည့် ရန်ကုန်မြို့တော် အုပ်ချုပ်ရေးနှင့် စပ်လျဉ်းပြီး ချမှတ်ထားသည့် အသေးစိတ်အခြေခံရမည့်မူအဖြစ် လည်းကောင်း၊ အပိုဒ် ၃၆ပါ ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ အဆင့်သတ်မှတ်ခြင်းနှင့် စပ်လျဉ်းပြီး ချမှတ်ထားသော အသေးစိတ်အခြေခံရမယ့်မူများတွင် လည်းကောင်း၊ ရန်ကုန်မြို့တော်ဟူသော စကားရပ်အစား နေပြည်တော်ဟု ပြင်ဆင်၊ ဖြည့်စွက်ချမှတ်ရန် သင့်လျော်ပါကြောင်း၊ ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းခြင်းအတွက် ချမှတ်ထားပြီးဖြစ်သော အသေးစိတ်အခြေခံရမယ့်မူ အပိုဒ် ၁၆၊ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၆)တွင် အဖွဲ့ဝင်အဖြစ်"ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌ"ဟု ဖော်ပြထားသည့် စကားရပ်အစား"နေပြည်တော်ကောင်စီဥက္ကဋ္ဌ"လို့ ပြင်ဆင် ဖြည့်စွက်ချမှတ်ရန် သင့်လျော်ပါကြောင်း၊

ဆွေးနွေး တင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြတဲ့ ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က–

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှု အောက်တွင်ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ရန် သဘောတူ။ သို့ပါ၍ နေပြည်တော်အတွက် ရန်ကုန်မြို့တော် ကောင်စီနှင့် စပ်လျဉ်း၍ ချမှတ်ထားသည့် အသေးစိတ်အခြေခံမှု များအတိုင်း ချမှတ်ရန်သင့်။

"ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ရန် သဘောတူပါသည်။ သို့ပါ၍ နေပြည်တော်အတွက် ရန်ကုန်မြို့တော်ကောင်စီနှင့် စပ်လျဉ်း၍ ချမှတ်ထားသည့် အသေးစိတ်အခြေခံမှုများအတိုင်း ချမှတ်ရန်သင့်ပါတယ်။

ထို့ကြောင့် ချမှတ်ထားသော အသေးစိတ်အခြေခံမူများတွင် လည်းကောင်း ပါရှိသည့် ရန်ကုန်မြို့တော်ဟူသော စကားရပ်အစား နေပြည်တော်ဟု ဖြည့်စွက်သင့်ပါသည်။ ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်းအတွက် ချမှတ်ထားသော အသေးစိတ်အခြေခံမူအပိုဒ် ၁၆ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ် (၆)တွင် အဖွဲ့ဝင်အဖြစ် "ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌ"ဟု ဖော်ပြထားသည့် စကားရပ်အစား "နေပြည်တော်ကောင်စီဥက္ကဋ္ဌ"လို့ ဖြည့်စွက်ရန်သင့်လျော်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့က–

"ရန်ကုန်မြို့ဟာ နိုင်ငံတော်၏ မြို့တော်မဟုတ်တော့သည့်အတွက် ၁၉၉၆ ခုနှစ် မတ်လ ၂၈၊ ၂၉ နှင့် ၃၀ ရက်နေ့များတွင် ကျင်းပပြုလုပ်ခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးက ချမှတ်ခဲ့သော အသေးစိတ်အခြေခံရမည့်မူများအနက် အပိုဒ် ၃၅ ပါ ပြည်ထောင်စုနယ်မြေဖြစ်သည့် ရန်ကုန်မြို့တော် အုပ်ချုပ်ရေးနှင့် စပ်လျဉ်းပြီး ချမှတ်ထားသည့် အသေးစိတ်အခြေခံရမည့်မူများတွင် လည်းကောင်း၊ အပိုဒ် ၃၆ တွင် ဖော်ပြထားသည့် ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ အဆင့်သတ်မှတ်ခြင်းနှင့် စပ်လျဉ်းပြီး ချမှတ်ထားသော အသေးစိတ်အခြေခံရမည့်မူများတွင် လည်းကောင်း ပါရှိသည့် ရန်ကုန်မြို့တော်ဟူသော စကားရပ်အစား နေပြည်တော်ဟု ဖြည့်စွက်ရန်သင့်ပါကြောင်းနှင့် ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်းအတွက် ချမှတ်ထားသော အသေးစိတ်အခြေခံရမယ့်မူ အပိုဒ် ၁၆ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ် (၆)တွင် အဖွဲ့ဝင်အဖြစ် "ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌ"ဟု ဖော်ပြထားသည့် စကားရပ်အစား "နေပြည်တော်ကောင်စီဥက္ကဋ္ဌ"လို့ ဖြည့်စွက်ရန်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့က–

"ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ရန် ရှင်းလင်းတင်ပြခဲ့ခြင်းကို ကျွန်တော်တို့ တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့မှ သဘောတူညီကြပါတယ်။

ဒါကြောင့် အမျိုးသားညီလာခံစုံညီအစည်းအဝေးက ချမှတ်ခဲ့သော အသေးစိတ် အခြေခံရမယ့်မူများအနက် အပိုဒ် ၃၅နှင့်၃၆တွင် ပါရှိသည့် "ရန်ကုန်မြို့တော်" ဟူသော စကားရပ်အစား "နေပြည်တော်"ဟု ဖြည့်စွက်ရန် သင့်လျော်ပါကြောင်းနှင့် ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်းအတွက် ချမှတ်ထားသော အသေးစိတ် အခြေခံရမယ့်မူ အပိုဒ် ၁၆ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ်(၆)တွင် အဖွဲ့ဝင်အဖြစ် "ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌ"ဟု ဖော်ပြထားသည့် စကားရပ်အစား "နေပြည်တော်ကောင်စီဥက္ကဋ္ဌ"လို့ ဖြည့်စွက်ရန် သင့်လျော်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့က–

"ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သင့်သည့်အတွက် နေပြည်တော်အတွက် ရန်ကုန်မြို့တော်ကောင်စီနှင့် စပ်လျဉ်း၍ ချမှတ်ထားသည့် အသေးစိတ်အခြေခံရမည့်မူများအတိုင်း ချမှတ်သင့်သောကြောင့် အမျိုးသားညီလာခံစုံညီအစည်းအဝေးက ချမှတ်ခဲ့သော အသေးစိတ်အခြေခံရမည့်မူများအနက် အပိုဒ်၃၅ပါ ပြည်ထောင်စုနယ်မြေဖြစ်သည့် ရန်ကုန်မြို့တော်အုပ်ချုပ်ရေးနှင့် စပ်လျဉ်းပြီး ချမှတ်ထားသည့် အသေးစိတ် အခြေခံရမည့်မူများတွင် လည်းကောင်း၊ အပိုဒ်၃၆တွင် ဖော်ပြထားသည့် ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ အဆင့်သတ်မှတ်ခြင်းနှင့် စပ်လျဉ်းပြီး ချမှတ်ထားသော အသေးစိတ်အခြေခံရမည့်မူများတွင်လည်းကောင်း ပါရှိသည့် ရန်ကုန်မြို့တော်ဟူသော စကားရပ်အစား နေပြည်တော်ဟု ဖြည့်စွက်သင့်ပါကြောင်းနှင့် ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းခြင်းအတွက် ချမှတ်ထားသော အသေးစိတ် အခြေခံရမယ့်မူ အပိုဒ် ၁၆ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ် (၆)တွင် အဖွဲ့ဝင်အဖြစ် "ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌ"ဟု ဖော်ပြထားသည့် စကားရပ်အစား "နေပြည်တော်ကောင်စီဥက္ကဋ္ဌ"လို့ ဖြည့်စွက်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့က–

"နိုင်ငံတော်၏မြို့တော်သည် ရန်ကုန်မြို့မှ နေပြည်တော်သို့ ပြောင်းလဲသတ်မှတ်သည့် အသေးစိတ်အခြေခံရမည့်မူ ချမှတ်ပြီးဖြစ်၍ ရန်ကုန်မြို့တော်ဟု ဖော်ပြခဲ့သည့်စကားရပ်များအစား "နေပြည်တော်"ဟု ပြင်ဆင် ဖြည့်စွက်သုံးစွဲသွားရန်နှင့် "ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌ"ဟူသည့် စကားရပ်အစား "နေပြည်တော်ကောင်စီဥက္ကဋ္ဌ"ဟု ဖြည့်စွက်ရန်အချက်များကို အသေးစိတ်အခြေခံရမည့်မူများအဖြစ် ဖြည့်စွက်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့က–

"ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်လိုက်သည့်အခါ ရန်ကုန်မြို့တော်ကောင်စီနှင့် စပ်လျဉ်းပြီး ချမှတ်ထားတဲ့ အသေးစိတ်အခြေခံရမည့်မူများကို နေပြည်တော်အတွက် ချမှတ်သွားရမှာ ဖြစ်ပါတယ်။ ဒါကြောင့် အပိုဒ် ၃၅ ပါ ပြည်ထောင်စုနယ်မြေဖြစ်တဲ့ ရန်ကုန်မြို့တော်အုပ်ချုပ်ရေးနှင့်စပ်လျဉ်း၍လည်းကောင်း၊ အပိုဒ် ၃၆ပါ ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ အဆင့်သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ချမှတ်သည့် အသေးစိတ်အခြေခံရမည့်မူများတွင် ရန်ကုန်မြို့တော်အစား "နေပြည်တော်"ဟု ဖြည့်စွက်သင့်ပါကြောင်းနှင့် ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်းအတွက် အပိုဒ်၁၆ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ် (၆)တွင် အဖွဲ့ဝင်အဖြစ် "ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌ"ဟု ဖော်ပြထားသည့် စကားရပ်အစား "နေပြည်တော်ကောင်စီဥက္ကဋ္ဌ"လို့ ဖြည့်စွက်ရန်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်၊ အပိုဒ်၃၇ပါ ကိုကိုးကျွန်းမြို့နယ် အုပ်ချုပ်ရေးနှင့် စပ်လျဉ်း၍ ဆက်လက်ဖော်ပြရန် လိုအပ်တော့မည် မဟုတ်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က–

"၁၉၉၆ ခုနှစ် မတ်လ ၂၈၊ ၂၉ နှင့် ၃၀ ရက်နေ့များတွင် ကျင်းပပြုလုပ်ခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးက ချမှတ်ခဲ့သော အသေးစိတ်အခြေခံရမည့်မူများအနက် အပိုဒ် ၃၅ ပါ ပြည်ထောင်စုနယ်မြေဖြစ်သည့် ရန်ကုန်မြို့တော်အုပ်ချုပ်ရေးနှင့် စပ်လျဉ်းပြီး ချမှတ်ထားသည့် အသေးစိတ်အခြေခံရမည့်မူများတွင် လည်းကောင်း၊ အပိုဒ် ၃၆ တွင် ဖော်ပြထားသည့် ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ အဆင့်သတ်မှတ်ခြင်းနှင့်စပ်လျဉ်းပြီး ချမှတ်ထားသော အသေးစိတ်အခြေခံရမည့်မူများတွင် လည်းကောင်း ပါရှိသည့် ရန်ကုန်မြို့တော်ဟူသော စကားရပ်အစား နေပြည်တော်ဟု ဖြည့်စွက်ရန်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းခြင်းအတွက် ချမှတ်ထားသော အသေးစိတ်အခြေခံရမယ့်မူ အပိုဒ် ၁၆၊ အပိုဒ်ခွဲ (ဂ)၊ အပိုဒ်ခွဲငယ်(၆)တွင် အဖွဲ့ဝင်အဖြစ် "ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌ" ဟု ဖော်ပြထားသည့်စကားရပ်အစား "နေပြည်တော်ကောင်စီဥက္ကဋ္ဌ"လို့ ဖြည့်စွက်ရန်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။ ။

နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့နှင့် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့တို့ အစည်းအဝေးကျင်းပ

အမှာစကားပြောကြား

နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၁)၌ ကျင်းပရာ အလှည့်ကျသဘာပတိ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးထွန်းရင်လော အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၂၀

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့နှင့် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့တို့၏ အစည်းအဝေးများကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမများ၌ကျင်းပရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

အစည်းအဝေးများ မစတင်မီ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များသည် အစည်းအဝေး တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့

နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို ညနေ ၃ နာရီတွင် ဆွေးနွေးပွဲခန်းမ(၁)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးထွန်းရင်လောက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီမှ ဦးလီကွယ်ချင်းနှင့် 'ဝ'အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးစောဖီးလစ်(ခ) ဦးဖီးလစ်ဆမ်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဖြူနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဌေးဌေးဝင်းတို့က ဆောင်ရွက်ကြသည်။

အစည်းအဝေးအထမြောက်

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်လာကြသည့်ကိုယ်စားလှယ်များသည် ရာခိုင်နှုန်းအားဖြင့် ၉၃ ဒသမ ၁ ရာခိုင်နှုန်းရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျ သဘာပတိ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးထွန်းရင်လောက အဖွင့်အမှာစကားပြောကြားပြီး အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များကို ပြန်လည် ဖတ်ကြား ရှင်းလင်းတင်ပြ၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင်ပါဝင်သည့် နိုင်ငံရေးပါတီအသီးသီးတို့၏ အကြံပြုသဘောထား တောင်းခံကာ သဘောထား တင်ပြချက်စာတမ်း စုပေါင်းပြုစုရန် ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၅)၌ ကျင်းပရာ အလှည့်ကျသဘာပတိ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်မှ ဦးဘိုသိန်း အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့

အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို ညနေ ၃ နာရီတွင် ဆွေးနွေးပွဲခန်းမ(၅)၌ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်မှ ဦးဘိုသိန်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ရန်ကုန်တိုင်း အလုံမြို့နယ်မှ ဒေါက်တာမျိုးသန့်တင်နှင့် မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ်မှ ဦးကျော်ဝင်းထွန်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များသည် ရာခိုင်နှုန်းအားဖြင့် ၉၅ ဒသမ ၇၄ ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျ သဘာပတိက အဖွင့်အမှာစကားပြောကြားပြီး အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့် မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံ သဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းရာတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များကို အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့ သဘာပတိအဖွဲ့ဝင် ပဲခူးတိုင်း ပန်းတောင်းမြို့နယ်မှ ဦးကျော်မျိုးဝင်းက အလုပ်သမားကိုယ်စားလှယ်များအား ပြန်လည်ဖတ်ကြားတင်ပြ၍ အလှည့်ကျ သဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းသည်။

(သတင်းစဉ်)

ငွေးချိုရေလှောင်တမံ ရေစကြိုမြို့နယ်၌ ဖွင့်လှစ် ဒေသခံတောင်သူများအတွက် အထောက်အကူပြု တမံ၏အကျိုးပြုမှုကို အမိအရ အသုံးချဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၀

မကွေးတိုင်း ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)က တည်ဆောက်ပြီးစီးသွားသော ငွေးချိုရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၉ ရက် နံနက် ၉ နာရီတွင် အဆိုပါရေလှောင်တမံ၌ကျင်းပရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ တောင်သူလယ်သမားများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌက အမှာစကား ပြောကြားရာတွင် ပခုက္ကူခရိုင် ဒေသဆန်ဖူလုံရေး၊ စိမ်းလန်းစိုပြည်ရေးအတွက် ဆည်၊ ကန်၊ တမံငယ် ၇၁ ခုကို စီမံချက် ချမှတ်၍ ဆောင်ရွက်ခဲ့ကြောင်း၊ ဆည်ငယ်၊ တမံငယ် ၇၁ ခုအနက် ကျန်ရှိသည့် ၄၇ ခု အကျိုးပြုဧရိယာ ၇၅၉၂ ဧကကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနမှ တာဝန်ယူတည်ဆောက်ခဲ့ရာတွင် ယနေ့ဖွင့်လှစ်လိုက်သော ငွေးချိုတမံအပါအဝင် ဆည်၊ တမံစုစုပေါင်း ၂၉ ခု တည်ဆောက်ပြီးဖြစ်၍ ဆည်ရေသောက် ဧရိယာ ၄၄၉၇ ဧက တိုးချဲ့စိုက်ပျိုးနိုင်ပြီဖြစ်ကြောင်း၊ ပခုက္ကူခရိုင် ဒေသဝမ်းစာဖူလုံရေး၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ဆောင်ရွက်ခဲ့သည့် အသေးစားဆည်၊ ကန်၊ တမံငယ်များ စီမံကိန်း၏ ရလဒ်ဖြစ်သည့် ငွေးချိုရေလှောင်တမံသည် ဒေသခံတောင်သူများအတွက် သားစဉ် မြေးဆက် တန်ဖိုးမဖြတ်နိုင်သည့် စီးပွားရေး အထောက်အကူပြု အမွေအနှစ်ဖြစ်၍ ရေလှောင်တမံများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြပြီး ရေလှောင်တမံ၏ ရေဝေရေလဲဒေသ စိမ်းလန်းစိုပြည်အောင် ရေပေးမြောင်းစနစ်များ မပျက်စီးအောင် ဆည်မြောင်းတာတမံ စည်းကမ်းများနှင့်အညီ ပြည်သူများက တာဝန်သိသိ ညီညီညွတ်ညွတ် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြပါရန် မှာကြားသည်။

အမိအရအသုံးချ

ထို့နောက် ဒုတိယဝန်ကြီး ဦးအုန်းမြင့်က အမှာစကားပြောကြားရာတွင် ယခု ဖွင့်လှစ်သည့် ငွေးချိုရေလှောင်တမံသည် ပခုက္ကူခရိုင် စိမ်းလန်းစိုပြည်ရေး အစီအစဉ်နှင့် အကောင်အထည်ဖော်ခဲ့သည့် အသေးစား ရေလှောင်တမံတစ်ခု ဖြစ်ပြီး တပ်မတော်အစိုးရလက်ထက် ၁၉၈၈ ခုနှစ် နောက်ပိုင်း ဖွင့်လှစ်ခဲ့သော ၂၀၂ ခုမြောက် ဆည်မြောင်းစီမံကိန်း ဖြစ်ကြောင်း ဒေသခံတောင်သူကြီးများ အနေဖြင့် လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ရေလှောင်တမံများ၏ အကျိုးပြုမှုကို အမိအရ အသုံးချ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ရေစကြိုမြို့နယ်မှ ဒေသခံတစ်ဦးက ငွေးချိုရေလှောင်တမံ တည်ဆောက်ပေးခြင်းကြောင့်နိုင်ငံတော် အစိုးရအား ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ဆက်လက်၍ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေက ရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဒုတိယဝန်ကြီး ဦးအုန်းမြင့်တို့သည် ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီး ငွေးချိုရေလှောင်တမံမုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြကာ ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် စီမံကိန်း ရှင်းလင်းဆောင်တွင် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃) ညွှန်ကြားရေးမှူး ဦးထွန်းအောင်လွင်က တမံ တည်ဆောက်မှု၊ ရေပေးတူမြောင်းများမှ ရေပေးစနစ်တို့ကို ရှင်းလင်းတင်ပြရာ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဒုတိယဝန်ကြီး ဦးအုန်းမြင့်တို့က မကွေးတိုင်းနှင့် ရေစကြိုမြို့နယ် ဆည်အစုအဖွဲ့များ ဆည်ရေပေးဝေမှု၊ လျှပ်စစ်မြစ်ရေတင် လုပ်ငန်းများဖြင့် စိုက်ပျိုးရေပေးဝေမှုတို့ကို တိုင်းအဆင့်တာဝန်ခံများအား ဆွေးနွေးမှာကြားသည်။

အကျိုးပြုဧက

ငွေးချိုရေလှောင်တမံသည် ဆင်မဝင်းချောင်းပေါ်တွင် တည်ဆောက်ထားပြီး မြေသားတမံအမြင့် ၅၇ ပေ၊ အလျားပေ ၂၁၀၀ ရှိကာ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၁၈၄၀ ရှိသည်။ အကျိုးပြုဧကမှာ ဧက ၄၀၀ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်တို့ ငွေးချိုရေလှောင်တမံမုခ်ဦးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

ငွေးချိုဆည်ရေဖြင့် နွေရာမိုးပါ စိုက်နိုင်မည့်အပြင် ယာမှလယ်ပြောင်းလဲစိုက်ပျိုးမည် တစ်နှစ်သုံးသီးစိုက်နိုင်တော့မည်ဖြစ်၍ နိုင်ငံတော်ကိုအထူးကျေးဇူးတင်

❒ **ကျော်ဖုံးမှ**

ပခုက္ကူခရိုင်အတွင်း ဆည်၊ ကန် ၇၁ခုကို တည်ဆောက်၍ မိုးစပါး ၈၆၂၈ဧကကို ရေပေးဝေနိုင်ရန် စီစဉ်

"တမံ တည်ဆောက်ရေး လုပ်ငန်းရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ကန်ရေပြည့် ရေလှောင်ပမာဏ ၁၈၄၀ ဧကပေ ဖြစ်ပါတယ်"
ဦးစိုးဝင်း(ဦးစီးမှူး၊ မြို့ပြ)

ထားပြီး ဆည်၊ ကန်များ တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ၁၂-၈-၂၀၀၅ရက်က နိုင်ငံတော်ဝန်ကြီးချုပ်၏ ပခုက္ကူခရိုင် ခရီးစဉ်

"ဆည်ရေပေးတော့ သားစဉ်မြေးဆက် အကျိုးရှိတော့မှာမို့ ဝမ်းသာ"
ဦးတင်ပြုံး(စည်သာကျေးရွာ)

အတွင်းတွင် ဆောင်ရွက်ရန် ကျန်ရှိသော ဆည်၊ ကန်များအား အမြန်ပြီးမြောက်အောင် ဆောင်ရွက်ရန် လမ်းညွှန်ချက်အပေါ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ၂၀၀၆-၂၀၀၇ခုနှစ်အတွင်း အပြီး ဆောင်ရွက်ရန် ထပ်ဆင့်လမ်းညွှန်ချက်အရ ရေစကြိုမြို့နယ်ရှိ ငွေးချိုရေလှောင်တမံစီမံကိန်းကို ၂၀၀၅ ခုနှစ် စက်တင်ဘာလမှစ၍ တည်ဆောက်ခဲ့သည်။

အကျိုးပြု

ငွေးချိုရေလှောင်တမံစီမံကိန်းကို ပခုက္ကူခရိုင် ရေစကြိုမြို့နယ် စည်သာကျေးရွာအုပ်စု ငွေးချိုရွာ၏အနောက်ဘက် နှစ်ဖာလုံခန့်အကွာ ဆင်မဝင်းချောင်းပေါ်တွင် တည်ရှိ၍ ငွေးချိုရေလှောင်တမံစီမံကိန်း တည်ဆောက်ခြင်းဖြင့် အကျိုးပြုဧရိယာဧက၄၀၀ကို ဆည်ရေပေးရန်နှင့် ဒေသစိမ်းလန်းစိုပြည်စေရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့သည့်အလျောက် ငွေးချိုရေလှောင်တမံစီမံကိန်းမှာ ပြီးမြောက်အောင်မြင်၍ ဖွင့်ပွဲပြုလုပ်နိုင်ခဲ့ပြီ ဖြစ်သောကြောင့် အကျိုးပြု ဧရိယာဧက ၄၀၀ကို ရေပေးဝေနိုင်မည့်အပြင် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ ဒေသဆန်ဖူလုံရေးတို့အတွက် အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

ပျော်နေကြပြီ

မြန်မာ့အလင်း သတင်းအဖွဲ့သည် ငွေးချိုရေလှောင်တမံသို့ ကွင်းဆင်းသွားရောက်ပြီး ငွေးချိုရေလှောင်တမံစီမံကိန်းကို ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သော ဆည်မြောင်း

"ရေထုတ်ပြွန် ရေပိုလွှဲလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်၍ ဆည်ရေသောက်စနစ်ကို ထိန်းသိမ်းရေးက တာဝန်ယူသွားမှာပါ"
ဦးတင်နိုင်ထွန်း
ဒုတိယဦးစီးမှူး(မြို့ပြ)

ဦးစီးဌာန တည်ဆောက်ရေး(၃)မှ ဦးဇော်မင်းနိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(တာဝန်)အားတွေ့ဆုံမေးမြန်းခဲ့ရာ ဦးဇော်မင်းနိုင်က "ဤဒေသသည် မြန်မာနိုင်ငံ၏ အလယ်ပိုင်းလည်းဖြစ်သည် မိုးနည်းသော ဒေသလည်းဖြစ်ကြောင်း။ ဤဒေသများတွင် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်မှုအရ ပခုက္ကူခရိုင်စိမ်းလန်းစိုပြည်ရေးအတွက် ဆည်ငယ်၊ ကန်ငယ်များကို ဖြစ်နိုင်ခြေရှိသည့် နေရာတိုင်းမှာ တတ်နိုင်သမျှ တည်ဆောက်ရန် လမ်းညွှန်ခဲ့ပါကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အတိုင်း ပခုက္ကူခရိုင်စိမ်းလန်းစိုပြည်ရေးအတွက် ရေအရင်းအမြစ်ရနိုင်သမျှ၊ ချောင်းမြောင်းတွေ မှန်သမျှ အကုန်လုံး ဆည်ငယ်၊ ကန်ငယ်ဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း။ ဤဒေသတွင် ဆည်ငယ်၊ ကန်ငယ် ၇၁ခုရှိပါကြောင်း။ ဒေသခံကျေးရွာလူထုအတွက် သောက်သုံးရေများကို လာရောက်သယ်ယူခွင့်ပြုပေးနေ၍ ဒေသခံပြည်သူများအဖို့ ရေကို မြင်ရသည်နှင့်ပင် ပျော်နေကြပြီဖြစ်ကြောင်း" မြန်မာ့အလင်းသို့ ရှင်းပြသည်။

ရှင်းပြ

ဦးစီးမှူးမြို့ပြ ဦးစိုးဝင်းက ရှင်းပြရာတွင် "တမံ၊ ရေထုတ်ပြွန်၊ ရေပိုလွှဲများ တည်ဆောက်ရေးလုပ်ကိုင်ခဲ့ကြောင်း၊ လုပ်ငန်းကို ၂၀၀၆စက်တင်ဘာမှ ၂၀၀၇ မေလအထိ လုပ်ကိုင်ခဲ့ပါကြောင်း၊ တမံဖြင့် ဧကပေ ၂၉၀ ရေလှောင်ထားပါကြောင်း၊ ကန်ရေပြည့် လှောင်မည့် ပမာဏသည် ဧကပေ ၁၈၄၀ ဖြစ်ကြောင်း"ဖြင့် ရှင်းပြသည်။

စိုက်ပျိုးလုပ်ကိုင်

ဆက်လက်၍ ငွေးချိုဒေသတွင်ရှိသော ဒေသခံပြည်သူများအား မြန်မာ့အလင်းကတွေ့ဆုံမေးမြန်းခဲ့ကြရာ ရှေးဦးစွာ ငွေးချိုကျေးရွာမှ လယ်တောင်သူမ တစ်ဦးဖြစ်သော ဒေါ်တင်မြအား တွေ့ဆုံမေးမြန်းရာ ဒေါ်တင်မြက "၎င်းသည် ရှောက်၊ ကုလားပဲ၊ ပြောင်းစသည့် ယာလုပ်ငန်းလုပ်ပြီး ငါးဧက စိုက်ပျိုးလုပ်ကိုင်ကြောင်း၊ စပါးလည်း လုပ်သည်၊ သို့သော် ရေမရှိသောကြောင့် စပါးကို အောင်မြင်အောင် မစိုက်နိုင်ခဲ့ကြောင်း၊ ရေမရှိလို့ စပါးမစိုက်နိုင်တာကြောင့် ဆန်ဝယ်စားရပါကြောင်း၊ ယခုတမံကြီးအတွင်း ရေတွေ မြင်ရသည်နှင့် ဝမ်းသာနေရပါကြောင်း"ဖြင့် မြန်မာ့အလင်းသို့ ပြောပြသည်။

ဝမ်းမြောက်ဝမ်းသာ

ထို့နောက် ငွေးချိုကျေးရွာမှ တောင်သူဦးနေဝင်းက ဆက်လက်ပြော

"ယာစိုက်တာနဲ့ လယ်စိုက်တာဆို လယ်စိုက်တာကို ပိုပြီး အားသန်ပါတယ်။ ရေမရလို့ ယာစိုက်တာ၊ ဆည်ရေရရင် လယ်ပါစိုက်တော့မှာ"
ဦးနေဝင်း(ငွေးချိုရွာ)တောင်သူ

ရာတွင် "၎င်းသည် လယ်ရော၊ယာပါ စိုက်ပျိုး လုပ်ကိုင်ကြောင်း၊ စိုက်ပျိုးမှုဖြင့် အသက်မွေးဝမ်းကျောင်းပြုကြောင်း၊ လယ် ၁၀ဧက၊ ယာ ၁၀ဧက စိုက်ကြောင်း၊ ယာလုပ်ငန်းအနေဖြင့် ရှောက်တို့၊ ဝါတို့ စိုက်ကြောင်း၊ ယခုကဲ့သို့ ရေလှောင်တမံတည်ဆောက်ပေး၍ နွေရာ မိုးရာစိုက်ပျိုးနိုင်တော့မည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း၊ နိုင်ငံတော်အစိုးရကို ကျေးဇူးတင်၍မဆုံး ဖြစ်ရပါကြောင်း"ဖြင့် ပြောပြသည်။

အထူးကျေးဇူးတင်

ဆက်လက်၍ မြေဖြူကျေးရွာမှ တောင်သူဦးလှခိုင်အား တွေ့ဆုံမေးမြန်းရာ "လောလောဆယ် ရှောက်၊ ဝါ၊ ကိုင်းစိုက်ပါကြောင်း၊ စပါးကိုမူ မစိုက်နိုင်ပါကြောင်း၊ ယခုကဲ့သို့ ရေလှောင်

"ဒီဆည်ကြီးကြောင့် သောက်ရေ မပူရတော့ဘူးပေါ့၊ တစ်နှစ်ကို သုံးသီး စိုက်ပျိုးနိုင်တော့မှာဖြစ်ပါတယ်"
ဦးလှခိုင်(မြေဖြူကျေးရွာ)

တမံကြီးပြီး၍ ရေရပါက လယ်ကိုသာ စိုက်မှာဖြစ်ကြောင်း၊ ယာမှလယ်ပြောင်းလုပ်ရမည့်အပြင် ဆောင်းသီးနှံပါ စိုက်နိုင်မှာဖြစ်ပြီး တစ်နှစ်ကို သုံးသီး စိုက်နိုင်တော့မည်ဖြစ်၍ နိုင်ငံတော်ကို အထူးကျေးဇူးတင်ပါကြောင်း" ပြောပြသည်။

သားစဉ်မြေးဆက်

ဆက်လက်၍ စည်ပင်ကျေးရွာမှ တောင်သူ ဦးတင်ပြုံးအား တွေ့ဆုံမေးမြန်းရာ "၎င်းအနေဖြင့် မိုးလေဝသ အခြေအနေအရ စပါးစိုက်ခဲ့ရာ မဖြစ်ထွန်းခဲ့ကြောင်း၊ လယ် သုံးဧကခန့်ရှိကြောင်း၊ ဤဒေသ၌တမံတည်ဆောက်ပေးခြင်းကြောင့် သားစဉ်မြေးဆက် အကျိုးရှိတော့မှာဖြစ်၍ ဝမ်းသာရပါကြောင်း" ပြောပြသည်။

ငွေးချိုကျေးရွာနေ တောင်သူတစ်ဦးဖြစ်သော ဦးဝင်းမောင်ကလည်း "၎င်းအနေဖြင့် ဆည်တည်ဆောက်ပြီး၍ ရေရပါက ဆည်ရေသောက်ရမည်ဖြစ်သောကြောင့် စပါးပြောင်းလဲစိုက်ပျိုးမည်ဖြစ်ကြောင်း၊ ဆည်ရေသောက်သုံးကြရမှာဖြစ်၍ တောင်သူ မိသားစုအနေဖြင့် ဝမ်းသာကြရသည်ကို အထူးပြောစရာမလိုကြောင်း၊ မိမိတို့ ဒေသ

"ဆည်က ရေပေးရင် စပါးစိုက်ဖို့ ထယ်ရေးပြင်ပြီး အသင့်စောင့်နေပါတယ်"
ဦးဝင်းမောင်
(ငွေးချိုကျေးရွာတောင်သူ)

သည် မိုးနည်းဒေသဖြစ်ကြောင်း၊ အခုဆည်ကြီးကို ရေရလျှင် စပါးစိုက်ပျိုးရေးအတွက် တောင်သူလယ်သမားများက ထယ်ရေးပြင်ပြီး အားခဲစောင့်နေကြပြီဖြစ်ကြောင်း"ပြောကြားသည်။

"အရင်က ကုန်းကြောင်းသွားနေရပါတယ်၊ အခုလမ်းတွေဖောက်ပေးထားလို့ စာသင်သွားရတာလွယ်ကူလို့ ဝမ်းသာ"
မမြသင်းမော်
(တက္ကသိုလ်ကျောင်းသူ
မြန်မာစာနောက်ဆုံးနှစ်)

"လောလောဆယ် ရေဝဝလင်လင် ချိုးနေရလို့ ဝမ်းသာရ"
ဒေါ်တင်မြ(ငွေးချိုရွာ)
တောင်သူ(၆၉)နှစ်

၎င်းနောက် ငွေးချိုကျေးရွာမှ တက္ကသိုလ်ကျောင်းသူ မအိအိသင်းအား တွေ့ဆုံမေးမြန်းရာ "မြန်မာစာ ဒုတိယနှစ် တက္ကသိုလ်ကျောင်းတက်နေကြောင်း၊ အထက ပခန်းကြီးမှ ၁၀ တန်းအောင်၍ တက္ကသိုလ်ရောက်သွားကြောင်း၊ ပခန်းကြီးနှင့် ငွေးချိုရွာမှာ ငါးမိုင်လောက်ဝေးကြောင်း၊ စက်ဘီးဖြင့် သွားရကြောင်း၊ ဆည်ဆောက်ရန် လမ်းတွေဖောက်ထား၍ စက်ဘီးဖြင့် သွားရလာရ လွယ်ကူနေကြောင်း၊ လမ်းမဖောက်မီက လမ်းလျှောက်လိုက်၊ စက်ဘီးစီးလိုက်နှင့် သွားလာရ၍ ခရီးမပေါက်ကြောင်း၊ ကားလမ်းရောက်မှ ချောမောစွာဖြင့် သွားရကြောင်း၊ လမ်းပန်းအဆင်ပြေတာကို ဝမ်းသာကြောင်း၊ ယခုကဲ့သို့သွားလာရ၍ ဝမ်းမြောက်ပြီး နိုင်ငံတော်ကို ကျေးဇူးတင်ပါကြောင်း" ဖြင့် ပြောကြားသည်။

"တာတမံကြောင့် လမ်းဖောက်ပေးလို့ သွားလာရ အဆင်ပြေသွားပါပြီ"
မအိအိသင်း(ငွေးချိုကျေးရွာသူ)
(မြန်မာစာ-ဒုတိယနှစ်၊
ပခုက္ကူတက္ကသိုလ်)

သွားလာရေးလွယ်ကူ

ဆက်လက်ပြီး ငွေးချိုကျေးရွာမှ တက္ကသိုလ်ကျောင်းသူ မမြသင်းမော်အား တွေ့ဆုံမေးမြန်းရာ "ပခုက္ကူတက္ကသိုလ်၌ မြန်မာစာနောက်ဆုံးနှစ် တက်ရောက်သင်ကြားနေကြောင်း၊ ငွေးချို၌ မူလတန်းအောင်ပြီး စည်သာအလယ်တန်းကျောင်းပြီးမှ ပခန်းကြီး အထက်တန်းကျောင်းတက်၍ အောင်မြင်ပြီး တက္ကသိုလ်ရောက်ခဲ့ကြောင်း၊ ယခင်က ငွေးချိုမှ စည်သာကို ကုန်းကြောင်းသွားခဲ့ရကြောင်း၊ ယခုလမ်းများဖောက်၍ သွားရေးလာရေးလွယ်ကူ၊ အချိန်လည်းမကုန်တော့ကြောင်း၊ ယခုကဲ့သို့ သွားလာရေးလွယ်ကူအောင်၊ စာသင်ကြားနိုင်အောင် ဆောင်ရွက်ပေးသော နိုင်ငံတော်ကို ကျေးဇူးတင်ပါကြောင်း"ဖြင့် မြန်မာ့အလင်းသို့ ပြောကြားလိုက်ပေသည်။ ။

(မြန်မာ့အလင်း)

မကွေးတိုင်း ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ငွေးချိုရေလှောင်တမံ၏ ရေပိုလွှဲပေါက်ကို တွေ့ရစဉ်။
(မြန်မာ့အလင်း)

စစ်တက္ကသိုလ်မိုလ်လောင်း၊တပ်မတော်ဆေးတက္ကသိုလ်မိုလ်လောင်းနှင့် တပ်မတော်နည်းပညာတက္ကသိုလ်မိုလ်လောင်းများ ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲစစ်ဆေးခြင်း

၁။ စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းလျှောက်လွှာ တင်သွင်းထားသူများသည် ဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်း ဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲကို ၂၀၀၇ခုနှစ်၊ ဩဂုတ်လ (၃၁) ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) အင်္ဂလိပ်စာ ၀၉း၀၀ နာရီမှ ၁၁း၀၀ နာရီအထိ။
(၂) ဇီဝဗေဒ ၁၃း၀၀ နာရီမှ ၁၆း၀၀ နာရီအထိ။

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲကို ၂၀၀၇ခုနှစ်၊ စက်တင်ဘာလ (၁)ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

(၁) အင်္ဂလိပ်စာ ၀၉း၀၀ နာရီမှ ၁၁း၀၀ နာရီအထိ။
(၂) သင်္ချာ ၁၃း၀၀ နာရီမှ ၁၆း၀၀ နာရီအထိ။

(ဂ) **စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲကို ၂၀၀၇ခုနှစ်၊ စက်တင်ဘာလ (၂)ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

(၁) အင်္ဂလိပ်စာ ၀၉း၀၀ နာရီမှ ၁၁း၀၀ နာရီအထိ။
(၂) သင်္ချာ ၁၃း၀၀ နာရီမှ ၁၆း၀၀ နာရီအထိ။

၂။ စာမေးပွဲများကို အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုရမည်-

(က) **နေပြည်တော်** အမှတ်(၇)တည်းခိုရေးစခန်း၊ ရွာတော်။
(ခ) **မြစ်ကြီးနားမြို့** တိုင်းစစ်ဌာနချုပ်ခန်းမ။
(ဂ) **လားရှိုးမြို့** တိုင်းစစ်ဌာနချုပ်ခန်းမ။
(ဃ) **ကျိုင်းတုံမြို့** တိုင်းစစ်ဌာနချုပ်ခန်းမ။
(င) **တောင်ကြီးမြို့** သံလွင်ခန်းမ။
(စ) **မော်လမြိုင်မြို့** ရွှေနတ်တောင်တပ်မတော် အထက။
(ဆ) **မြိတ်မြို့** တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်အားကစားခန်းမ။
(ဇ) **စစ်တွေမြို့** ဗန္ဓုလခန်းမ။
(ဈ) **မုံရွာမြို့** အထက (၂) အလုံ၊ တပ်မတော်ကျောင်း။
(ည) **တောင်ငူမြို့** တိုင်းစစ်ဌာနချုပ်ခန်းမ။
(ဋ) **ရန်ကုန်မြို့**
(၁) **စစ်တက္ကသိုလ်** ဗိုလ်လောင်းများအတွက်
(ကက) ခုံအမှတ် (၁) မှ (၁၃၀၀)အထိ- အထက (၂)၊ မင်္ဂလာဒုံ။
(ခခ) ခုံအမှတ် (၁၃၀၁) မှ (၂၆၀၀)အထိ- ပညာရေးကောလိပ် လေ့ကျင့်ရေး အလယ်တန်းကျောင်း၊ ရန်ကင်း။
(ဂဂ) ခုံအမှတ် (၂၆၀၁) နောက်ပိုင်း- အလက (၄)၊ မင်္ဂလာဒုံ။
(၂) **တပ်မတော်ဆေးတက္ကသိုလ်** ဗိုလ်လောင်းများအတွက် - အထက (၂)၊ မင်္ဂလာဒုံ။
(၃) **တပ်မတော်နည်းပညာတက္ကသိုလ်** ဗိုလ်လောင်းများအတွက်-အထက (၂)၊ မင်္ဂလာဒုံ။
(ဌ) **ပုသိမ်မြို့**
(၁) **စစ်တက္ကသိုလ်** ဗိုလ်လောင်းများအတွက်
(ကက) ခုံအမှတ် (၁) မှ (၂၀၀)အထိ- တိုင်းစစ်ဌာနချုပ် ရောဝတီခန်းမ။
(ခခ) ခုံအမှတ် (၂၀၁) မှ နောက်ပိုင်း - တပ်နယ်အားကစားရုံ။
(၂) **တပ်မတော်ဆေးတက္ကသိုလ်** ဗိုလ်လောင်းများအတွက်-တိုင်းစစ်ဌာနချုပ် ရောဝတီခန်းမ။
(၃) **တပ်မတော်နည်းပညာတက္ကသိုလ်** ဗိုလ်လောင်းများအတွက်
(ကက) ခုံအမှတ် (၁) မှ (၂၀၀)အထိ- တိုင်းစစ်ဌာနချုပ် ရောဝတီခန်းမ။
(ခခ) ခုံအမှတ် (၂၀၁) မှ နောက်ပိုင်း- တပ်နယ်အားကစားရုံ။
(ဍ) **မန္တလေးမြို့**
(၁) **စစ်တက္ကသိုလ်** ဗိုလ်လောင်းများအတွက်
(ကက) ခုံအမှတ် (၁) မှ (၁၄၀၀)အထိ- အထက (၁၈)၊ နန်းတွင်း။
(ခခ) ခုံအမှတ် (၁၄၀၁) မှ (၁၉၃၀)အထိ- အမက (၆)၊ နန်းတွင်း။
(ဂဂ) ခုံအမှတ် (၁၉၃၁) မှ (၂၁၈၂)အထိ- အမက (၅)၊ နန်းတွင်း။
(ဃဃ) ခုံအမှတ် (၂၁၈၃) မှ နောက်ပိုင်း - တပ်နယ်ခန်းမ။
(၂) **တပ်မတော်ဆေးတက္ကသိုလ်** ဗိုလ်လောင်းများအတွက်
(ကက) ခုံအမှတ် (၁) မှ (၁၄၀၀)အထိ- အထက (၁၈)၊ နန်းတွင်း။
(ခခ) ခုံအမှတ် (၁၄၀၁) မှ နောက်ပိုင်း - အမက (၆)၊ နန်းတွင်း။
(၃) **တပ်မတော်နည်းပညာတက္ကသိုလ်** ဗိုလ်လောင်းများအတွက်
(ကက) ခုံအမှတ် (၁) မှ (၁၄၀၀)အထိ- အထက (၁၈)၊ နန်းတွင်း။
(ခခ) ခုံအမှတ် (၁၄၀၁) မှ (၁၉၃၀)အထိ- အမက (၆)၊ နန်းတွင်း။
(ဂဂ) ခုံအမှတ် (၁၉၃၁) မှ နောက်ပိုင်း - အမက (၅)၊ နန်းတွင်း။

၃။ မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်စာစစ်ဌာနများတွင် ဖြေဆိုကြရမည်။ လျှောက်လွှာတင်သွင်းသူအားလုံး ဝင်ခွင့်စာမေးပွဲဖြေဆိုရန် အတည်ပြုရွေးချယ်သည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် ဖြေဆိုရမည့်ခုံအမှတ်နှင့် ဖြေဆိုရမည့် နေရာများကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ နိုင်ငံသားစိစစ်ရေးလက်မှတ်ကို တစ်ပါတည်း ယူဆောင်လာရမည်။ နိုင်ငံသားစိစစ်ရေးလက်မှတ် တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် စာစစ်ဌာနများတွင် စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး

၂၄-၈-၂၀၀၇ ရက်မှ စတင်၍ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသနေသည့်ဇာတ်ကားများ

သမ္မတ ဖုန်း-၂၄၆၉၄၂၊ ၂၄၆၉၉၃	ကိုးဆယ်ဆသာလိမ့်မယ်	ရန်အောင်၊ ကျော်ရဲအောင်၊ ဒွေးထက်၊ မိုးဒီ၊ ဇော်ဝမ်း၊ နန္ဒာလှိုင်၊ မေသဥ္ဇာဦး၊ မေကဗျာ
သွင် ဖုန်း-၃၇၂၁၈၄၊ ၃၇၂၁၈၂	ကိုးဆယ်ဆသာလိမ့်မယ်	ရန်အောင်၊ ကျော်ရဲအောင်၊ ဒွေးထက်၊ မိုးဒီ၊ ဇော်ဝမ်း၊ နန္ဒာလှိုင်၊ မေသဥ္ဇာဦး၊ မေကဗျာ
မင်္ဂလာ ဖုန်း-၂၄၃၀၅၇၊ ၂၄၃၀၅၈	ကိုးဆယ်ဆသာလိမ့်မယ်	ရန်အောင်၊ ကျော်ရဲအောင်၊ ဒွေးထက်၊ မိုးဒီ၊ ဇော်ဝမ်း၊ နန္ဒာလှိုင်၊ မေသဥ္ဇာဦး၊ မေကဗျာ
ရွှေဘောင် ဖုန်း-၃၈၀၀၃၄၊ ၂၅၂၀၃	A BATTLE OF WITS	ANDY LAU, AHN SUNG-KI, BINGBING FAN TIN CHIU HUNG, SI WON CHOI
နေပြည်တော် ဖုန်း-၂၅၁၂၅၇၊ ၂၅၁၂၈၀	DIE HARD - 4	BRUCE WILLIS, TIMOTHY OLIPHANT JUSTIN LONG, MAGGIE Q
ဝင်းလိုက်(မန္တလေး) ဖုန်း-(၀၂)၃၉၁၂၀၊ ၆၀၂၉၁	ကိုးဆယ်ဆသာလိမ့်မယ်	ရန်အောင်၊ ကျော်ရဲအောင်၊ ဒွေးထက်၊ မိုးဒီ၊ ဇော်ဝမ်း၊ နန္ဒာလှိုင်၊ မေသဥ္ဇာဦး၊ မေကဗျာ
မြို့မ(မန္တလေး) ဖုန်း-(၀၂)၃၉၁၃၇၊ ၃၇၅၇၉	ကိုးဆယ်ဆသာလိမ့်မယ်	ရန်အောင်၊ ကျော်ရဲအောင်၊ ဒွေးထက်၊ မိုးဒီ၊ ဇော်ဝမ်း၊ နန္ဒာလှိုင်၊ မေသဥ္ဇာဦး၊ မေကဗျာ

ပွဲချိန် သတိ (နေ့စဉ်) ၁၀း၀၀ နာရီ၊ ၁၂း၃၀ နာရီ၊ ၃း၃၀ နာရီ၊ ၆း၃၀ နာရီ၊ ၉း၃၀ နာရီ

ထိမ်းမြားလက်ထပ်ပြီးစီးခြင်း

ကျွန်တော် **မောင်မြတ်ကျော်** (B.A, Psy, Chief Officer, Sunfar Co., Ltd.) နှင့် ကျွန်မ **မအေးအေးမာ** (B.A, Hons, M.A, Anth နည်းပြ၊ မနုဿဗေဒဌာန၊ ဒဂုံတက္ကသိုလ်)တို့သည် နှစ်ဖက်သောမိဘများ၏သဘောတူခွင့်ပြုချက်အရ ၉-၇-၂၀၀၇ ရက်တွင် စမ်းချောင်းမြို့နယ် တရားရုံးတရားသူကြီး၏ ရှေ့မှောက်၌ ထိမ်းမြားလက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်

မောင်မြတ်ကျော်-မအေးအေးမာ။

Kid Zone Saturday Answers

စနေနေ့က ဖုန်းဆက်အဖြေပေးရတာခက်ခဲသွားတဲ့ သားတို့ သမီးတို့အတွက် ၂၁-၈-၂၀၀၇ ရက်(အင်္ဂါနေ့)နံနက် ၉ နာရီကစပြီး ၃၇၇၁၇၇ သို့ ဆက်လက်ဖြေဆိုနိုင်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

Kid Zone Cartoon Journal

ကျောင်းသား/ကျောင်းသူများ၊ အလုပ်ကောင်းရလိုသူများ၊ နိုင်ငံခြားသွားမည့်သူများနှင့် ရည်မှန်းချက်ကြီးမားသူတိုင်းအတွက် B.A, M.A, Dip in E.L.T. ဘွဲ့ရအတွေ့အကြုံရင့် ဆရာ၊ဆရာမများပို့ချပေးကြမည်

ဆရာအာသာ SUCCESS LANGUAGE ACADEMY

ENGLISH SPEAKING 25 Aug ⇨ 2 - 5:00 p.m. 27 Aug ⇨ 3:30 - 5 p.m. 27 Aug ⇨ 6 - 7:30 p.m. 3 Sep ⇨ 7:30 - 9 a.m.	PRE-INTERMEDIATE 4-Skill English 27 Aug ⇨ 10:15-11:45 a.m. 3 Sep ⇨ 7:30-9:00 a.m. INTERMEDIATE (Academic English) 25 Aug ⇨ 2:00 - 5:00 p.m. 10 Sep ⇨ 1:00 - 2:30 p.m.
WRITING 3 Sep ⇨ 10-11:30 a.m.	ACADEMIC WRITING (IELTS) 24 Sep ⇨ 10:00-11:45 a.m. (Mon -Thurs)
GRAMMAR 10 Sep ⇨ 3:30 - 5 p.m. 24 Sep ⇨ 1 - 2:30 p.m.	Nov Exam ဝင်လိုသူများအတွက် IELTS UPPER - INTER 20 Aug (Mon to Thurs) 3:30 - 5:30 p.m. IELTS ADVANCED 10 Sep (Mon to Fri) 1:00 - 2:30 p.m.
2008 Jan TOEFL Exam ဝင်လိုသူများအတွက် 8 Oct ⇨ 10 -12 a.m. (Mon to Thurs)	

Y.W.C.A အမှတ်(၁၁၉)၊ ဘိုကလေးဈေးလမ်း။ ဖုန်း- 202046, 200601

ကျေးဇူးဆပ်ပါမည်

ကျွန်မခင်မြင့်ခိုင် ၁၂/ကတတ (နိုင်) ၀၂၈၂၇၁၏ P.P No.287297 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၅၄၂၀၂။

အမည်ပြောင်းလဲခြင်း

သုဝဏ္ဏမြို့ ဒေါ်ခင်ခင်အေး (ခ) ဒေါ်ပုတ်၏ သမီးမီမီဝင့်သူ၁၂/လမတ (နိုင်)၀၃၃၇၇၃ အား မခင်မြတ်သူဟု ပြောင်းလဲခေါ်ဆိုပေးပါရန်။

သင့်သွေးဖြင့် အသက်ကယ်ပါ

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၁၄၇၁၇-ဟွန်ဒါ C-90၊ ၁ယ/၃၆၉၀၂-ဟွန်ဒါ C-90 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးကျော်ထူး ၁၂/ရပသ(နိုင်)၀၄၇၄၁၅၊ ယာဉ်အမှတ် ယ/၅၉၁၀၉ ဟွန်ဒါ C-90 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုဝင်း ၉/အမက(နိုင်) ၀၀၈၃၂၆၊ ယာဉ်အမှတ် ယ/၉၆၆၅၂ ဟွန်ဒါ C-90 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဝင်းထွန်း ၉/မနမ (နိုင်) ၁၂၀၁၁၆၊ ယာဉ်အမှတ် ၁ယ/၆၈၉၁ ဟွန်ဒါ C-90 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသန်း ၉/မနမ(နိုင်)၀၃၇၇၅၆တို့က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

က-ည-န၊ခရိုင်ရုံး၊မန္တလေး (မြောက်ပိုင်း)၊ မန္တလေးမြို့။

Mo Asia Co.,Ltd-DUMEX ရုံးခန်းပြောင်းရွှေ့ခြင်း

Mo Asia Co.,Ltd-DUMEX ကို ၂၇-၈-၂၀၀၇ရက်မှစ၍ အမှတ် ၃၃/H ၊ရတနာလမ်း၊ ၇ရပ်ကွက်၊ ၇မိုင်၊ မရမ်းကုန်းမြို့နယ် (Suzuki Showroom ဘေးကပ်လျက်လမ်း) သို့ ပြောင်းရွှေ့မည်ဖြစ်ပါသည်။ ဆက်သွယ်ရန် ဖုန်းနံပါတ်များမှာ ၆၅၁၃၂၇၊ ၆၅၁၃၈၇၊ ၆၅၁၈၄၂၊ ၆၆၀၅၄၄ တို့ ဖြစ်ပါသည်။

ဩဂုတ် ၂၀ရက်က လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်(၅)ယူနစ် ခေတ်မီနှစ်ထပ်မီးသတ်စခန်းသစ်ဆောက်လုပ်ရန် ပန္နက်တင်အခမ်းအနားတွင် မင်္ဂလာပန္နက်တင်ပေးစဉ်။ (သတင်းစဉ်)

ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆရာ ဆရာမများဆောင်းပါးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၀

အောက်တိုဘာ ၅ရက်တွင်ကျရောက်မည့် ကမ္ဘာ့ဆရာများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၀၇ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆရာ ဆရာမများဆောင်းပါးပြိုင်ပွဲကို ကျင်းပမည်ဖြစ်ကြောင်း သက်ဆိုင်ရာက ထုတ်ပြန်ကြေညာထားသည်။

ဆောင်းပါးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသူများသည် 'နည်းပညာတိုးတက်မှုနှင့် ဆရာ့တာဝန်'ခေါင်းစဉ်ဖြင့် စာလုံးရေ ၃၀၀၀ထက်မနည်း၊ ၄၀၀၀ထက်မများ ရေးသားယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ အဆင့်မြင့်ပညာအဆင့်ပြိုင်ပွဲသို့ ဝန်ကြီးဌာနအသီးသီးရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့်သိပ္ပံများတွင် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများနှင့်၊ အငြိမ်းစားဆရာဆရာမများ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အခြေခံပညာအဆင့်ပြိုင်ပွဲကို အထက်တန်းပြဆရာများ၊ အလယ်တန်းပြဆရာများ၊ မူလတန်းပြဆရာများဟူ၍ သုံးပိုင်းခွဲထားရာ အထက်တန်းပြအဆင့်တွင် အထက်တန်းကျောင်းအုပ်ကြီးနှင့်အထက် အရာထမ်းများနှင့်အထက်တန်းပြများ၊ အလယ်တန်းပြအဆင့်တွင် အလယ်တန်းကျောင်းအုပ်ကြီးများနှင့် အလယ်တန်းပြများ၊ မူလတန်းအဆင့်တွင် မူလတန်းကျောင်းအုပ်ကြီးများ၊ အလယ်တန်းပြ(၂)များနှင့်မူလတန်းပြများပါဝင်ယှဉ်ပြိုင်နိုင်သည်။ အငြိမ်းစား ဆရာ ဆရာမများလည်း သက်ဆိုင်ရာအဆင့်လိုက်ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင်စာမူကို ကွန်ပျူတာ၊ လက်နှိပ်စက်၊ လက်ရေးကြိုက်နှစ်သက်ရာဖြင့် A4 အရွယ်အစားစက္ကူဖြင့် စာမျက်နှာတစ်ဖက်တည်းတွင် ရှင်းလင်းပြတ်သားစွာ ရေးသားထားသည့် စာမူနှစ်စောင် (မူရင်းနှင့်မိတ္တူ)၊ ကိုယ်တိုင်ရေးသားကြောင်း ဝန်ခံချက်၊ ကိုယ်ရေးအကျဉ်းနှင့် တစ်လက်မခွဲ နှစ်လက်မအရွယ် ရောင်စုံလိုင်စင်ဓာတ်ပုံသုံးပုံတို့ကို စာအိတ်ဖြင့်လုံခြုံစွာထည့်ပြီး ဦးထွန်းလှ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန ၁၂၃ နတ်မောက်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ စက်တင်ဘာ ၁၄ ရက် နောက်ဆုံးထားပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

- ***ယူဂန္ဒာနိုင်ငံတွင် ဩဂုတ်၂၀ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ယူဂန္ဒာနိုင်ငံအရှေ့ပိုင်း အမ်ဘာလီဘူဒူဒါနှင့် ကာတာဝီခရိုင်များ၌ နေအိမ်ရာပေါင်းများစွာ ရေလွှမ်းခဲ့ပြီး ဒေသခံပြည်သူထောင်ပေါင်းများစွာ ရေဘေးဒုက္ခကြုံတွေ့ရလျက်ရှိကြောင်း၊ ကောက်ပဲသီးနှံစိုက်ခင်းများ ပျက်စီးခဲ့ရကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။***
- ပြင်သစ်နိုင်ငံ အနောက်ဘက်ကမ်းလွန်တွင် ဩဂုတ် ၁၉ရက်က ပြင်သစ်ရေတပ်သင်္ဘောတစ်စင်းနှင့် တူရကီကုန်တင်သင်္ဘောတစ်စင်းတို့ တိုက်မိခဲ့ကြသဖြင့် တူရကီကုန်တင်သင်္ဘောနစ်မြုပ်သွားခဲ့ကြောင်း၊ သင်္ဘောသားခြောက်ဦးအား ကယ်ဆယ်နိုင်ခဲ့ကြောင်း ပြင်သစ်မီဒီယာများကဖော်ပြသည်။
- ***တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်တုန်ပြည်နယ် ဇူပင်းစီရင်စုတွင်ရှိသော စက်ရုံတစ်ရုံ၌ အပူချိန် ၁၆၅၀ဒီဂရီဖာရင်ဟိုက်ပေး၍ သတ္တုရည်ကျိုထားသော သံဒယ်အိုးကြီးမှောက်ကျခဲ့မှုကြောင့် ဩဂုတ် ၂၀ရက်က လူ၁၄ဦးသေဆုံးပြီး ၅၉ဦးဒဏ်ရာရရှိခဲ့ကြောင်း တရုတ်မီဒီယာများက ဖော်ပြသည်။***
- ဂျမေကာနိုင်ငံတောင်ပိုင်း ကမ်းရိုးတန်းသို့ အင်အားပြင်းထန်သော ဟာရီကိန်းမုန်တိုင်းတစ်ခု ဩဂုတ် ၁၉ရက်က ဝင်ရောက်တိုက်ခတ်ခဲ့ရာ လူခြောက်ဦးသေဆုံးပြီး နေအိမ်ရာပေါင်းများစွာ ပျက်စီးခဲ့ရကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။
- ***အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း ကာရန်ဂီတန်မီးတောင်သည် ဩဂုတ်၂၀ရက်က မီးခိုးများနှင့် ပြာမှုန့်များ ကောင်းကင်သို့မှုတ်ထုတ်ကာ ပေါက်ကွဲရန်လှုပ်ရှားနေသဖြင့် အနီးဝန်းကျင်ကျေးရွာများတွင် နေထိုင်သော ဒေသခံများအား ဘေးကင်းရာသို့ အလျင်အမြန် ရွှေ့ပြောင်းပေးနေရကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။***
- ဗီယက်နမ်နိုင်ငံတွင် ယခုလအတွင်း မုန်တိုင်းတိုက်ခတ်မှုနှင့် ရေလွှမ်းမှုများကြောင့် လူ ၇၄ဦးသေဆုံးပြီး ကိုးဦးပျောက်ဆုံးလျက်ရှိကြောင်း၊ ထို့အပြင် လူ ၁၃၀ခန့်လည်း ဒဏ်ရာရရှိခဲ့ကြောင်း ဗီယက်နမ်မီဒီယာများက ဩဂုတ် ၁၉ရက်၌ ဖော်ပြသည်။
- ***ပါကစ္စတန်နိုင်ငံမြောက်ပိုင်း ဂျူရာမြို့မှမောင်းနှင်လာသော ခရီးသည်တင်ဘတ်စ်ကားတစ်စီး ဩဂုတ် ၂၀ရက်က မြစ်အတွင်းထိုးကျခဲ့ရာ ခရီးသည် ၂၅ဦးသေဆုံးသွားကြောင်း အင်တာနက်သတင်း၌ဖော်ပြသည်။***
- အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)၏ အဓိကဆိပ်ကမ်းမြို့ဖြစ်သော ရာဂျက်မြို့ဆိပ်ကမ်းတွင် ဩဂုတ် ၁၉ရက်က ကုန်လှောင်ရုံကြီးတစ်ရုံ မီးလောင်မှုဖြစ်ပွားရာ ကုန်တင်သင်္ဘောများဆိုက်ကပ်မှုကို ခေတ္တပိတ်ထားရကြောင်း ယူအေအီးအာဏာပိုင်များက ပြောကြားသည်။

ကံမမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဩဂုတ် ၂၀

ကံမမြို့နယ်အသင်း (ရန်ကုန်)မှ ကြီးမှူး၍ ရန်ကုန်တိုင်းအတွင်း၌ ကျောင်းထိုင်ဆရာတော်ကြီးများအဖြစ် သီတင်းသုံးလျက်ရှိကြသော ကံမမြို့နယ်ဇာတိဖွား ဆရာတော်ကြီး ၁၆ ပါးအား အဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ခြင်း ၂၀၀၇ခုနှစ်တွင် နိုင်ငံတော်က မဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်ခဲ့သော ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက် စိတ္တသုခကျောင်းဆရာတော် ဘဒ္ဒန္တသုဗြဟ္မအား ဂုဏ်ဝိသိဋ္ဌပူဇာမင်္ဂလာသဘင်ကျင်းပခြင်း၊ အသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆုပေးခြင်း အခမ်းအနားကို ဩဂုတ် ၂၆ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးလမ်းရှိ မဟာပုညော ပကာရမ္မာရုံ၌ ပူးတွဲကျင်းပမည်ဖြစ်သည်။

၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးများရရှိအောင်မြင်ကြသော အသင်းဝင်၏ သားသမီးများ ကြိုတင်သတင်းပို့ထားကြရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် ဦးစိုးငြိမ်း ဖုန်း-၂၄၄၇၆၀၊ ဦးသိန်းတန် ဖုန်း-၅၀၄၉၁၀၊ ဦးအေးလွင် ဖုန်း- ၅၂၆၆၃၈ နှင့် ဦးခင်ဇော် ဖုန်း-၅၁၇၀၇၂တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းနှင့် အသင်းဝင်များ၊ အသင်းမဝင်ရသေးသော ကံမမြို့နယ်သူ မြို့နယ်သားများအားလုံး တက်ရောက်ကြရန် နှိုးဆော်ထားသည်။ **(က-ပ)**

လေဖိအားနည်းရပ်ဝန်း အားပျော့ပျက်ပြယ်

နေပြည်တော် ဩဂုတ် ၂၀

ယနေ့နံနက် ၆နာရီခွဲ တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားပြီ ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။ (သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

အမေရိကန်၌ရေလွှမ်း၊ ငါးဦးသေဆုံး

ဝါရှင်တန် ဩဂုတ် ၂၀

အမေရိကန်နိုင်ငံ အနောက်အလယ်ပိုင်း မင်နီဆိုးတားပြည်နယ်တွင် ဩဂုတ် ၁၉ရက်က မုန်တိုင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမှုဖြစ်ပွားရာ လူငါးဦးသေဆုံးခဲ့ကြောင်း ဩဂုတ်၂၀ရက်က အင်တာနက်သတင်း၌ဖော်ပြသည်။

လမ်းများပျက်စီး

မိုးသည်းထန်ပြီး ရေလွှမ်းမှုကြောင့် အိုကလာဟိုးမားပြည်နယ်၌လည်း တံတားများမျောပါပြီး လမ်းများပျက်စီးခဲ့ကြောင်း ယင်းသတင်း၌ ဆက်လက်ဖော်ပြသည်။



ရေတာရှည်မြို့ ခြေတော်ရာဗျာဒိတ်ပေး ရုပ်ရှင်တော်မြတ် ပင့်ဆောင်ပူဇော်

ရေတာရှည် ဩဂုတ် ၁၁

ပဲခူးတိုင်း ရေတာရှည်မြို့နယ် တန်ခိုးကြီးသမိုင်းဝင် မယ်ဒက်ကယ်စေတီတော်မြတ်ကြီး ပရဝဏ်အတွင်းရှိ ခြေတော်ရာဗျာဒိတ်ပေး ရှေးဟောင်းရုပ်ရှင်တော်မြတ်ကြီးအား **(ဝဲပုံ)** အုတ်တွင်းမြို့နယ်မှ ရေတာရှည်မြို့နယ်သို့ ပြန်လည်ပင့်ဆောင်အပူဇော်ခံပွဲကို ဩဂုတ် ၆ ရက် နံနက်က အုတ်တွင်းမြို့ ဂါတ်တဲကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ နံနက်၉နာရီတွင် အုတ်တွင်းတပ်နယ်မှူးနှင့် မိသားစုများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မယ်ဒက်ကယ်ဘုရား ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်ဟန်နှင့် ဒုတိယဥက္ကဋ္ဌ ဦးကြည်ထံသို့ အုတ်တွင်းမြို့နယ်အတွင်းမှ လှူဒါန်းပူဇော်ရရှိငွေကျပ် ၅၂၀၀၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ရှေးဟောင်းခြေတော်ရာ ဗျာဒိတ်ပေးရုပ်ရှင်တော်မြတ်ကြီးအား အုတ်တွင်းမြို့အတွင်း လှည့်လည်အပူဇော်ခံပြီး အုတ်တွင်းမြို့မှတစ်ဆင့် တောင်ငူမြို့သို့ မွန်းလွဲ ၂နာရီတွင် ရောက်ရှိ၍ မြို့တွင်းလှည့်လည် အပူဇော်ခံသည်။

ဆက်လက်၍ ညနေ ၃နာရီခွဲတွင် ရေတာရှည်မြို့နယ်သို့ ပင့်ဆောင်ရောက်ရှိလာရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်နှင့် အဖွဲ့ဝင်များ၊ သာသနာရေးဦးစီးမှူးနှင့် မြို့နယ် ဥပဋ္ဌာကအဖွဲ့ဝင်များ၊ ဓမ္မစကြာဝတ်အသင်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အဖွဲ့ဝင်များက ကြိုဆိုပင့်ဆောင်ကြပြီး ရေတာရှည်မြို့အတွင်း လှည့်လည်အပူဇော်ခံရာ ဩဂုတ် ၆ ရက် တစ်ရက်တည်း စေတနာအလှူရှင်များ လှူဒါန်းငွေကျပ် ၁၇၇၇၇၅၀ ရရှိကြောင်း သိရသည်။ **(က-ပ)**

မိတ္ထီလာဆရာတော် ဝါတွင်းတရားစခန်းပွဲ

ရန်ကုန် ဩဂုတ် ၂၀

မန္တလေးတိုင်း မိတ္ထီလာမြို့ ကံဦးရပ် ကြည်ကုန်းနယ်မြေ ကျောင်းသစ်ကျောင်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲအမှတ်(၁၂၉)၏ ဝါတွင်းကာလ အထူးတရားပွဲကို တော်သလင်းလဆန်း ၁ရက်မှ၇ရက်အထိကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကြီးကို ရိပ်သာ ပဓာနနာယက ကျောင်းသစ်ကျောင်း ဆရာတော်မိတ္ထီလာ ဆရာတော်ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ပညာစာရက ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စ သမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကိုဟောကြားမည်ဖြစ်ရာ လူဦးရေ ကန့်သတ်ပါသဖြင့် ဖုန်း-၀၆၄-၃၅၂၄၇ သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

မဟာစန္ဒာရုံ ရိပ်သာအတွက် ငွေများလှူဒါန်း

ရန်ကုန် ဩဂုတ် ၂၀

ရန်ကုန်မြို့ အမှတ်(၈၂)နတ်မောက်လမ်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်အဆောင်မှူး ဆရာတော် ဘဒ္ဒန္တပညာလင်္ကာရ တည်ထောင်ဆောက်လုပ်လျက်ရှိသော အမှတ်(၃)လမ်းမကြီးနှင့် ရွှေညောင်ပင်လမ်းဆုံအနီး ကုန်းတလပေါင် မင်္ဂလာဒုံမြို့နယ် မဟာစန္ဒာရုံဝိပဿနာဓမ္မရိပ်သာသို့ ဒေါ်ခင်သန်းမြင့် လှိုင်မြို့နယ်က ယောဂီဆောင်တစ်ခန်းအတွက် အလှူငွေကျပ်သိန်း၄၀၊ ဒေါ်သန်းရှိန် ကျောက်မြောင်း တာမွေမြို့နယ်က သိမ်ကျောင်းဆောက်လုပ်ရန်အတွက် အလှူငွေကျပ်သိန်း၄၀၊ဦးကျော်မျိုးထွန်း-ဒေါ်ဝင်းဝင်းမျိုးလှိုင်တို့က အုတ်တံတိုင်းနှစ်ခန်းအတွက် အလှူငွေကျပ်တစ်သိန်း လှူဒါန်းကြသည်။

ဓမ္မမိတ်ဆွေများ လှူဒါန်းလိုပါက ဆရာတော် ဦးပညာလင်္ကာရ ဖုန်း-၀၉-၅၁၂-၅၄၅၃၊ ဦးစန္ဒသိရီ(ရေကြည်) ဖုန်း-၀၉-၅၁၈-၁၇၅၇နှင့် ဦးလှသန်း(ရေသန့်) ဖုန်း-၅၄၁၉၁၆၊၀၉-၅၁-၉၄၀၀၀ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဇူလိုင် ၂၆ရက်က ပိန်းဇလုပ်မြို့ အထကကျောင်း မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ကျောင်းအကျိုးတော်ဆောင် အဖွဲ့ ကျောင်းဆရာကြီး (ငြိမ်း)ဦးကြည်သိန်းက တက္ကသိုလ် ဝင်တန်းသုံးဘာသာဂုဏ်ထူးရှင် မောင်မျိုးသီဟအား ဆုချီးမြှင့်စဉ်။ (က-ပ)

တီးတိန်မြို့၌ ရေစုကန်များ တိုးချဲ့တည်ဆောက်

တီးတိန် ဩဂုတ် ၁၀

ချင်းပြည်နယ် တီးတိန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးဝေရေးလုပ်ငန်းအတွက် တိုးချဲ့ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂ရက်က ၁၄မိုင် သီရိဥတ္တမတောင် ရေထွက်တွင် ရေဖမ်းကန်၊ ရေစုကန်များ အသစ်တိုးချဲ့ တည်ဆောက်မည့် နေရာများကို အမှုဆောင်အရာရှိ ဦးနန်ဒိုးဆုမန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်ဌေးတို့ ကွင်းဆင်းတိုင်းတာစစ်ဆေးကြကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်း ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများ၏ အာစရိယပူဇော်ပွဲကို ဩဂုတ် ၁၁ရက်က အဆိုပါကျောင်း ပညာ့ဗိမာန်ခန်းမ၌ ကျင်းပရာ ကျောင်းသား ကျောင်းသူများက ဆရာကြီး ဆရာမကြီးများအား ကန်တော့လက်ဆောင် လှူဒါန်းစဉ်။ (က-ပ)

မတ္တရာမြို့ ပန်းခြံအတွင်း လျှောက်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို ဇူလိုင် ၄ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဇံနှင့် အငယ်တန်း အင်ဂျင်နီယာ (၂)မြို့ပြ ဒေါ်မန်းဒေတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကျီခါးမြို့၌ အမှိုက်နှင့်နုန်းများ တူးဖော်ရှင်းလင်း

ကျီခါး ဩဂုတ် ၁၀

ချင်းပြည်နယ် ကျီခါးမြို့ စည်ပင်သာယာရေးအဖွဲ့ မြို့တာဝန်ခံ ဦးဝုန့်ပြင်းထန်နှင့် ဝန်ထမ်းများသည် ဩဂုတ် ၃ရက်က မြို့တွင်းသရဖီလမ်းနှင့် တောင်ဇလပ်လမ်းဘေးဝဲယာတစ်လျှောက်တွင် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများ၊ ရေပြွန်များတွင် အမှိုက်နှင့် နုန်းများတူးဖော်ရှင်းလင်းခြင်းလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

မြို့နယ်သတင်းများ

ရေဘေးထောက်ပံ့ငွေများ မအူပင်မြို့၌ပေးအပ်

မအူပင် ဩဂုတ် ၅

မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်း၊ မအူပင်မြို့နယ်ဥက္ကဋ္ဌ ဦးဘိုထွန်း၊ ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိနှင့် မြို့နယ်ရေကောင်းအရာရှိများ စုပေါင်း၍ ဇူလိုင် ၂၆ရက်က မအူပင်ကျွန်း တာမိုင် ၃/၀ တလုပ်လပ်အနောက် ရေကောင်းစခန်း၊ တာမိုင်၉/၆ ကျွဲဂါတ်ရေကောင်းစခန်းများတွင် တာတမံ ကာကွယ်ရေးအရေးပေါ်သုံးပစ္စည်းများ စုဆောင်းထားရှိမှုနှင့်ကြိုတင်ပြင်ဆင်ထားမှုများ၊ ကျေးရွာများ၏ နှစ်ဖာလုံတစ်ကင်း ရေကောင်းစခန်းများ ဆောင်ရွက်ထားရှိမှုတို့ကို စစ်ဆေး၍ လိုအပ်ချက်များ ဖြည့်စွက်မှာကြားခဲ့ပြီး လေဘေးဒဏ်ခံခဲ့ရသည့် ကျွဲဂါတ်၊ အောက်ထုံးနှင့် အင်းတေး ကျေးရွာအုပ်စုများမှ အိမ်ထောင်စု ၂၇စုအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

(မြို့နယ် ပြန်/ဆက်)



တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးသုံးဘာသာ အထက်ရရှိသော ထူးချွန်ကျောင်းသားများဂုဏ်ပြုပွဲ ချောင်းဆုံမြို့၌ ကျင်းပ

ချောင်းဆုံ ဩဂုတ် ၅

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးသုံးဘာသာနှင့် အထက်ရရှိသော ထူးချွန်ကျောင်းသားများအား ဂုဏ်ပြုပွဲ အခမ်းအနားကို ဇူလိုင်၁၈ရက်က မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်မြင့်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဆွေဆွေမာက အမှာစကားပြောကြားပြီး ထူးချွန်ကျောင်းသား ငါးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင်ခုနစ်ဦးတို့အား ငွေကျပ် တစ်သိန်းလေးသောင်းကို တာဝန်ရှိသူများက ချီးမြှင့်ကြကြောင်း သိရသည်။ **(ဝဲပုံ)**

(မြို့နယ် ပြန်/ဆက်)

ကျန်းမာရေးညီညွတ်စွာ ရောင်းချရေးဆောင်ရွက်

လားရှိုး ဩဂုတ် ၅

လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် နေရီရီဈေးရုံအတွင်း ကျန်းမာရေးနှင့် ညီညွတ်စွာ ရောင်းချမှုရှိ၊ မရှိကို ဇူလိုင် ၁၄ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမင်းဟန်နှင့် ဦးစီးအရာရှိ ဦးခင်စောတို့ ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် အမှတ် (၉)ရပ်ကွက် ၃၁လမ်း အမှတ် ၄၇/၅၁ နေ မိသားစု တို့က မိခင်ဒေါ်သစ်ရင်၏(၇၈)နှစ်မြောက် မွေးနေ့အဖြစ် ဒဂုံမြို့နယ် အမှတ် ၁၆ **စကားဝါလမ်းမင်းကွန်း** ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၁၁၀၀၀၀ ကို အနုနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မင်းတပ်မြို့ ရေပေးရေး လုပ်ငန်းများ ဆောင်ရွက်

မင်းတပ် ဩဂုတ် ၈

ချင်းပြည်နယ် မင်းတပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော မြို့ရေပေးဝေရေး ရေစုကန်နှင့် လေးလက်မ ရေပိုက်လိုင်းများ ဆောင်ရွက်မှုအခြေအနေကို ဇူလိုင် ၇ ရက်က ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးခင်မောင်ဦး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ဆွေနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဆွေးအုပ်တို့က လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မန္တလေးတိုင်းဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာပညာရေးဗိမာန်တော်ကြီး)အတွက် မန္တလေးမြို့ ပတ္တမြားကျောင်းတိုက် ဒါယကာ ဝဏ္ဏကျော်ထင်ဦးဘအုန်း-ဒေါ်သိန်းလှ(ရွှေကုန်သည်) မိသားစု၊ ကြီးကြီးဒေါ်ဝင်းနှင့်သားသမီး၊ မြေးတစ်စုတို့က ကျောင်းအလှူငွေ ကျပ်တစ်သိန်းကို ကျောင်းတော်ကြီး ဖြစ်မြောက်ရေးအကျိုးတော်ဆောင်ဆရာတော်ဦးဥက္ကံသ Ph.D(Thesis) ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အမျိုးသမီးရေးရာအဖွဲ့ ရာသက်ပန် အဆိုပြုလွှာပေးအပ် ရှေ့လုပ်ငန်းစဉ်များ ဟိုပန်မြို့၌ ညှိနှိုင်းဆွေးနွေး

ဟိုပန် ဩဂုတ် ၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဟိုပန်မြို့နယ်သို့ ရောက်ရှိလာသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဇနီး ရှမ်းပြည်နယ်(မြောက်ပိုင်း) မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချယ်ရီတို့ထံ ဟိုပန်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အမျိုးသမီးရေးရာအဖွဲ့ ရာသက်ပန်အသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲနှင့် စကားဝိုင်းဆွေးနွေးပွဲအခမ်းအနားကို ဩဂုတ် ၂ ရက်က ဟိုပန်မြို့ အခြေခံပညာအထက်တန်းကျောင်း စာမဟာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် (မြောက်ပိုင်း) မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချယ်ရီထံသို့ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ခင်သီတာက ရာသက်ပန်အသင်းဝင် အဆိုပြုလွှာ ၄၅၀ကိုလည်းကောင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင် ဒေါ်ခင်မြရည်က အဖွဲ့ဝင်အဆိုပြုလွှာ ၅၀၀ကို လည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ရှမ်းပြည်နယ်(မြောက်ပိုင်း) မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချယ်ရီက မြို့နယ်အသင်းအတွက် ထောက်ပံ့ငွေကျပ် တစ်သိန်းကိုပေးအပ်ပြီး အိုင်အိုဒင်းဆားထုပ်နှင့် ဆပ်ပြာမွှေးခဲများကို ဖြန့်ဝေပေးသည်။

စကားဝိုင်းဆွေးနွေးပွဲ

ထို့ပြင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချယ်ရီက တက်ရောက်လာသည့် ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်ကျေးရွာ အဆင့် အသင်းအဖွဲ့ဝင်များအား စကားဝိုင်း ဆွေးနွေးပွဲများကျင်းပပြီး ရှေ့ဆက်ဆောင်ရွက်သွားရမည့် ရှေ့လုပ်ငန်းစဉ်များကို အပြန်အလှန် ညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဇူလိုင် ၃၀ရက်က ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်းရှိ အသားရုံများကို ပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးစိုးလွင်ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိဦးကြည်သန်း၊ဒုတိယဦးစီးမှူး(ဈေး)ဒေါ်မြင့်မြင့်မူနှင့် ကျန်းမာရေးမှူး(၂) ဦးဇော်မျိုးထိုက်တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်ပွဲ မောင်တော၌ကျင်းပ

မောင်တော ဩဂုတ် ၅

မောင်တောမြို့ အလိုတော်ပြည့်ကျောင်းဓမ္မာရုံ၌ ဇူလိုင်၂၈ရက်က စတုတ္ထအကြိမ် မောင်တောခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်များ၏ စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင်၂၈ ရက် မွန်းလွဲ ၂ နာရီက မောင်တောမြို့ အလိုတော်ပြည့်ကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် အောင်ဗလကျောင်းထိုင်ဆရာတော် ဦးစည်ပြီလကပရိသတ်များအား ငါးပါးသီလချီးမြှောက်ပေးပြီး အလိုတော်ပြည့်ကျောင်းထိုင်ဆရာတော် မဏိသာရက အနုမောဒနာ တရားဟောကြားသည်။ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးမြင့်သန်းက သာသနာရေးဆိုင်ရာများ လျှောက်ထားကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မော်လိုက်၌ ရေတွင်းများ အဆင့်မြှင့်ဆောင်ရွက်

မော်လိုက် ဩဂုတ် ၁

မော်လိုက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ်တွင် ရေတွင်းများ အဆင့်မြှင့်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၇ ရက်က ကျောင်းမြောက်ရပ်ကွက်တွင် အငယ်တန်းအင်ဂျင်နီယာ (၃) ဦးကျော်မျိုးလွင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးရဲထွဋ် ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ် ဝါခေါင်လဆန်း ၉ ရက်
၂၂-၈-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော်
(ဦးဥတ္တမသာရဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့်ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ
(ပန်းမျိုးစုံလင် သီရိနန္ဒာပျိုးဥယျာဉ်)

၁၂:၀၀ ယဉ်ကျေးမှုအနုပညာ
(မြန်မာ့ပန်းချီပညာ-နန္ဒကျော်ခေါင်)

၁၂:၂၅ သူ့အတွေးနှင့် သူ့အရေး
(ဆုံစည်းရတဲ့ခဏလေးမှာ-ဇေထွင်)

၁၂:၃၅ သီချင်းကြီးပဒေသာ
(၁) မန္တလာဘုံဘွဲ့နှင့်ပြောင်နာဂိန်ဆင်မင်းကြီး(မူမူခင်)
(၂) သင်းသင်းကြိုင်ကြိုင်သီချင်းခန့်(ဦးထွန်းရှိန်)

ညနေပိုင်း

၁၇:၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) မေတ္တာဆိုတာ ခွင့်လွှတ်ခြင်း(ကိုတင်ဝင်း)
(၂) မေ့ဘဝနဲ့ငှက်ငယ် (ဥမ္မာ)
(၃) မေတ္တာ၏အသီးအပွင့်များ(လက်ပံတန်းသန်းတင်)

၁၇:၃၀ အစာနဲ့အာဟာရ(ကိုရီးယား ဂျင်စင်းပါဝင်တဲ့ Hot Pot)

၁၇:၄၅ သူ့လက်သံ
(အဆို၊ အက၊ အရေး၊ အတီးဆုရ မန္တလေးတိုင်းမှ မဝင်းသီဂီကျော်နှင့် ပဲခူးတိုင်းမှ မသိမ့်သိမ့်ထွေးတို့၏ မယ်ဒလင်လက်သံ)

၁၈:၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) ကံ့ကော်ရွှေရည်စံပြစာစီစာကုံးများ(ဦးသန်းထွတ် ပါမောက္ခ(ငြိမ်း) ပညာရေးတက္ကသိုလ်)
(၂) ဦးခေါင်းပုံများနှင့် အခြားထူးဆန်းသောပုံပြင်များ(မောင်သိန်းလွင်)

၁၉:၁၅ မေတ္တာလက်ဆောင်ရ တေးစီးရီး
(လသာတေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့သည့် ပိုးအိစံ၏ ရင်ထဲကပိုး တေးစီးရီး)

၂၀:၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) နှလုံးသားလေးအပိုမပါပြီ(လှမြင့်ဝင်း)
(၂) မေမေ့ပုံပြင်(ဌေးဌေးမြင့်)
(၃) သူ့ကိုပိုင်ဆိုင်လိုခြင်းထက်(ကိုကျော်ညွှန့်)

(၆၂)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဩဂုတ် ၂၀

ဧရာဝတီတိုင်း ကြံခင်းမြို့နယ်မှ အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ် ဦးအုန်းဝင်း လူမှုထူးချွန်(တတိယဆင့်)**(အပေါ်ပုံ)**သည် ဩဂုတ် ၄ရက်က ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် (၆၂)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

(က-ပ)

ကိုယ်ဝန်ဆောင်မိခင်များ အနီးပိတ်နှင့် အားဆေးပေးအပ်

မော်လမြိုင် ဩဂုတ် ၁၁

မော်လမြိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို ဩဂုတ် ၄ ရက်က မော်လမြိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါ်ရီရီခင်က မိခင်နို့တိုက်ကျွေးရခြင်းနှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းတင်ပြပြီး မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သီသီရှိန်က ကိုယ်ဝန်ဆောင်မိခင် ၂၅ ဦးအား အနီးပိတ်နှင့် သံဓာတ်အားဆေးများ ထောက်ပံ့လှူဒါန်းသည်။ **(အောက်ပုံ)** (၁၆၈)

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းကျော်မျိုး ဩဂုတ် ၅ ရက်က ရွှေတောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော မြို့ပြ၊ကျေးလက်တည်ဆောက်ပြုပြင်ရေး လုပ်ငန်းများ၊ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေး လုပ်ငန်းများ၊ မြို့စိမ်းလန်းစိုပြည်ရေးနှင့်ရွှေပြည်သာပန်းခြံအတွင်း သာယာလှပရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုးနှင့် အင်ဂျင်နီယာများက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် ပြန်/ဆက်)

သီပေါမြို့မဈေး၌ မီးဘေးလုံခြုံရေး လုပ်ငန်းများဆောင်ရွက်

သီပေါ ဩဂုတ် ၅

သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးလုံခြုံရေးအတွက် လုံခြုံရေးမီး သီးသန့်ဆောင်ရွက်ထားရှိမှုနှင့် ရောင်းချသောဈေးဆိုင်ခန်းများ သန့်ရှင်းသပ်ရပ်မှုနှင့်စည်းကမ်းတကျ ရောင်းချမှု ရှိ၊မရှိကို ဇူလိုင် ၆ရက်က ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှ ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဇင်က လုပ်ငန်းများဆောင်ရွက်မှုကို ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်ပွဲ တာချီလိတ်၌ကျင်းပ

တာချီလိတ် ဩဂုတ် ၇

တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်ပွဲ အခမ်းအနားကို ဇူလိုင်၃၀ရက် နံနက် ၈နာရီက တာချီလိတ်မြို့ မြို့နယ်ဓမ္မာရုံ၌ ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ နဂါးနှစ်ကောင်ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဓမ္မသီရိအမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော် အရှင်သူမြတ်များက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ဖတ်ချီးမြှင့်ကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး မြင့်ဟန်၊ ခရိုင်ဥက္ကဋ္ဌ ဦးခင်သန်း၊ အတွင်းရေးမှူး ဦးသန်းထွန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းမြင့်၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းအေး၊မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းရွှေနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အလှူရှင်များက ဝါဆိုသင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

(၄၂၀)

ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသပ်ရပ်လှပစေရန်နှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ဇူလိုင်၂၀ရက်က ခွဲးဒူလမ်းမကြီး ဘေးဝဲယာသန့်ရှင်းရေး ဆောင်ရွက်ခြင်းနှင့် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးသိန်းဆင့်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ် ဆောင်ရွက်စဉ်။ (နယ်စပ်/စည်ပင်)

မန္တလေးတိုင်း မိခင်/ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ကြီးမှူး သက်ကြီးဘိုးဘွားများ ကန်တော့ပွဲနှင့် ကျန်းမာရေးပညာပေးဟောပြော

မန္တလေး ဩဂုတ် ၁၀

မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော သက်ကြီးဘိုးဘွားများအား ကန်တော့ပွဲနှင့် ကျန်းမာရေး ပညာပေးဟောပြောပွဲကို ဩဂုတ် ၅ ရက် နံနက် ၉ နာရီက မဟာအောင်မြေမြို့နယ် အမှတ်(၁၁) အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များက အဘိုး၊အဘွား၃၅ဦးတို့အား ကန်တော့ကြပြီး ထောက်ပံ့ပစ္စည်းများပေးအပ်လှူဒါန်းကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ ကျန်းမာရေးပညာပေးဟောပြောရာ မန္တလေးတိုင်းကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာခင်မောင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး အထက်မြန်မာပြည် ကူးစက်ရောဂါအထူးကု ဆရာဝန်ကြီး ဒေါက်တာသီဂီညွန့်က ဝမ်းပျက်၊ ဝမ်းလျှောရောဂါအကြောင်းကိုလည်းကောင်း၊ ဗဟိုအမျိုးသမီးဆေးရုံကြီးမှ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာစန္ဒာဝင်းက မိခင်နို့တိုက်ကျွေးခြင်း အကြောင်းကိုလည်းကောင်း၊ မန္တလေးတိုင်းကျန်းမာရေးဦးစီးဌာန တိုင်းကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာမိုးခိုင်က သွေးလွန်တုပ်ကွေးရောဂါအကြောင်းကိုလည်းကောင်း ဟောပြောကြသည်။

ဆက်လက်၍ မန္တလေးတိုင်း မိခင် နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက မဟာအောင်မြေမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ မိခင်နှင့်ကလေးဝတ်စုံ ၃၅စုံကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခရီးသွားအာမခံလျော်ကြေးငွေ ဟားခါး၌ပေးအပ်

ဟားခါး ဩဂုတ် ၁၅

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း(ချင်းပြည်နယ်ရုံး) ခရီးသွားအာမခံလျော်ကြေးပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၁၀ရက် နံနက် ၉နာရီခွဲက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည်။

ရှင်းလင်း

ရှေးဦးစွာပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းက အမှာစကား ပြောကြားပြီး မြန်မာ့အာမခံလုပ်ငန်း ချင်းပြည်နယ်တာဝန်ခံ ဒေါ်ညိုညိုဟန်က ခရီးသွား အာမခံလျော်ကြေးဥပဒေများကို ရှင်းလင်းသည်။

ထို့နောက် ဟားခါး-မန္တလေး လမ်း၊ဂန့်ဂေါမြို့အဝင်တွင် မတ်၁၄ရက်က ခရီးသည်တင်ကားတိမ်းမှောက်ရာ၌ သေဆုံးသွားသော ဦးထန်ကျဲအိုးနှင့် မငွန်ထားကြန်တို့အတွက် လျော်ကြေးငွေကျပ်၁၀သိန်းစီနှင့် သူတစ်ပါးထိခိုက်မှု အာမခံကြေးငွေကျပ်တစ်သိန်းစီတို့ကို လည်းကောင်း၊ ဖေဖော်ဝါရီ၁၄ရက်က ထန်တလန်မြို့အနီး ယာဉ်တိုက်မှုတွင် သေဆုံးသွားသော ဒေါ်ဆုံးပါရ်း အတွက် လျော်ကြေး ငွေကျပ်ငါးသိန်းနှင့် သူတစ်ပါးထိခိုက်မှု အာမခံကြေးငွေကျပ် တစ်သိန်းတို့ကို သက်ဆိုင်သူ မိသားစုများအား မြန်မာ့အာမခံလုပ်ငန်း ပြည်နယ်တာဝန်ခံက ပေးအပ်လိုက်ကြောင်းသိရသည်။

(ပြည်နယ် ပြန်/ဆက်)

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ငှက်ပျောတော-ဇီးကုန်းကြီး ကျေးလက်လမ်း ဂဝံခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ဇူလိုင် ၂၅ ရက်က အမှုဆောင်အရာရှိ ဦးတင်ဌေး ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဇော်လင်းအောင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ယမကပါဠိတော်ကျမ်းအတွက် ငွေလှူဒါန်း

ရန်ကုန် ဩဂုတ် ၂၀

ကြေးပိဋကတ်တော် အဘိဓမ္မာပိဋကဝင် ယမကပါဠိတော်(ပထမအုပ်) အတွက် ဦးဆောင်ဆရာတော် ဘဒ္ဒန္တ ဉာဏ (အစိုးရ ဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ) အရှင်မြတ်ထံသို့ ပုဇွန်တောင်မြို့နယ် လိပ်ကန်လမ်း အမှတ်(၉)နေ ဒေါက်တာ ဒေါ်လှစိန် မိသားစုက ကြေးပြား၁၀ချပ်၊စမ်းချောင်းမြို့နယ်ချမ်းသာလမ်း၅လွှာ အမှတ်(၁၉)နေ ဦးအေးဆွေ-ဒေါ်ခင်အေးကြွယ် မိသားစုက ကြေးပြား၁၀ချပ်၊ရန်ကင်းမြို့နယ် ဘောက်ထော်မြရတနာလမ်း အမှတ် (၁၀/စီ)နေ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ သီဟသုဓမ္မ မဏိဇောတဓရ ဦးကျော်မင်း မိသားစုက ကြေးပြား ကိုးချပ်၊ သဃ်န်းကျွန်းမြို့နယ် ပင်လုံရိပ်မွန် အမှတ်(၂၆)နေ ဦးအောင်မြင့် မိသားစုက ကြေးပြားခြောက်ချပ်၊ ပင်လုံရိပ်မွန် အမှတ်(၂၆)နေ မိခင်ကြီး ဒေါ်စောကြည် (၇၈)နှစ်ပြည့်မွေးနေ့ အလှူ၊ မန္တလေးမြို့ တိုင်းရင်းဆေး တက္ကသိုလ်မှဒေါက်တာလွင်ကို(ခေတ္တ-ပါမောက္ခချုပ်)-ဒေါ်ခင်သိန်းဝင်းနှင့် သားများ၊ ဗဟန်းမြို့နယ် သာသနာ့ရိပ်သာရပ်ကွက် စမ်းရေတွင်းလမ်း အမှတ်၃၄ (ကေ-၁)နေ ဦးစိုးသိန်း-ဒေါ်သွင်သွင်မြင့်၊သားသမီးများ ဦးမောင်မောင်- ဒေါ်ရီရီမြင့်၊ ဒေါ်ဥမ္မာမြင့်၊ ဒေါ်စန္ဒာမြင့်၊ ဒေါ်မာလာမြင့်၊ ဒေါ်စိုးစိုးမြင့်၊ ဦးခင်မောင်အေး-ဒေါ်သူဇာမြင့်၊ ဒေါ်ကြေးမုံမြင့်နှင့် မြေးများ၊ လမ်းမတော်မြို့နယ် ၁၆လမ်း အမှတ် (၇၈)နေ မိခင်ဒေါ်မြင့်ရီအား အမှူးထား၍ သမီး ဒေါက်တာလှလှအေး၊ မအေးအေးခိုင်၊ စမ်းချောင်းမြို့နယ်ရှင်စောပုလမ်း အမှတ် (၅၉/E)နေ ဦးတင်အုံး-ဒေါ်တင်ညိမ်းဝင်း၊ ရွှေပြည်သာမြို့နယ် (၇) ရပ်ကွက် မင်းရဲကျော်စွာလမ်း အမှတ်(၂၁၂/က)နေ ဦးသန့်ဇင်- ဒေါ်သန်းသန်းအေး၊ သားကြီး မောင်ရဲလင်းသန့်၊ သားထွေး မောင်ထွန်းလင်းသန့်တို့က ကြေးပြားငါးချပ်စီ၊ တာမွေမြို့နယ် ကျောက်မြောင်းလမ်း ကျောက်/ရှေ့ရပ်ကွက် အမှတ် (၆၀) မြေညီ(ဝဲ)နေ ဦးခင်မောင်(ခ) သင်ရှုးခွက်အားရည်စူး၍ ဒေါ်တင်တင်၊ သုဝဏ္ဏ ခရေမြိုင်လမ်း အမှတ်(၂၅၂)နေ ဒယ်ဒီ ဦးဟယ်ရီဆင်-မာမီ ဒေါ်နုနုခင်၊ သားငယ် မောင်ညွန့်မင်း(အာကာ)အသက် ၄၃နှစ်ပြည့် မွေးနေ့အလှူ၊ စမ်းချောင်းမြို့နယ် ရှင်စောပုလမ်း၊ အမှတ်(၅၅/B)နေ ဦးသောင်းထိုက်ဝင်း-ဒေါ်စန္ဒာတင်အုံး၊ သား မောင်မိုးသားတို့က ကြေးပြား သုံးချပ်စီ စုစု ပေါင်းကြေးပြား ၇၄ချပ်၊ နှင့် ဗိုလ်တထောင်မြို့နယ် ဗိုလ်မြတ်ထွန်းလမ်း ပထမထပ်အမှတ် (၂၈၁)နေ နှစ်ဖက်သော မိဘများကို အမှူးထား၍ ဦးဌေးမောင်-ဒေါ်ခင်လေးကြူ မိသားစု အလှူတို့က ယမကပါဠိတော် (ပထမအုပ်)အတွက် ကြေးသေတ္တာတစ်လုံး တန်ဖိုးငွေကျပ်တစ်သိန်း နှစ်သောင်းကို လှူဒါန်းကြသည်။ **(က-ပ)**

ပေါင်မြို့နယ်စည်ပင် ပျိုးပင်များပျိုးထောင်

ပေါင် ဩဂုတ် ၈

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့်အဖွဲ့ ဇူလိုင် ၂၅ ရက်က ပေါင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပျိုးပင်များပျိုးထောင်ထားမှုအခြေအနေကိုကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်လှနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးအေးမင်းတို့က လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောထွန်းစိန်နှင့် ဒုတိယ ဦးစီးမှူး (အခွန်) ဦးသိန်းမင်းတို့ ဇူလိုင် ၁၄ ရက်က စည်ပင်သာယာရေးအဖွဲ့ အစည်းအဝေးခန်းမ၌ အနေးယာဉ်များ ယာဉ်စည်းကမ်း လိုက်နာဆောင်ရွက်ရန် ပညာပေး ရှင်းလင်း ဆွေးနွေးစဉ်။ (မြို့နယ်စည်ပင်)

ရေစကြိုမြို့၌ ပေါင်းမြက်များ စုပေါင်းရှင်းလင်း

ရေစကြို ဩဂုတ် ၈

ချင်းပြည်နယ် ရေစကြိုမြို့ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပမှုရှိစေရန်အတွက် ဩဂုတ် ၁ရက်က မြို့စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ ဒုတိယဦးစီးမှူး ဦးလိုင်ဦး ဦးစီးဝန်ထမ်းများစုပေါင်း၍ မြို့တွင်း ဗိုလ်ချုပ်လမ်းနှင့် သဇင်လမ်း တစ်လျှောက် ပေါင်းမြက်များရှင်းလင်းခြင်းနှင့် ပန်းအလှပင်များ၊ အရိပ်ရပင်များ စိုက်ပျိုးခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

(ပြည်နယ် ပြန်/ဆက်)

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အတိုင်း ပညာရေးကဏ္ဍ၌ တာဝန်ရှိသူများ အလေးထားလုပ်ဆောင်
နိုင်ငံတော်က အားထားရသော ပညာတတ်လူငယ်များ မွေးထုတ်နိုင်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်
မိဘ၊ ဆရာနှင့် ကျောင်းသားများ ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်

ရွှေလီ–မန်စံ–ရွှေစာရံ ဓာတ်အားလိုင်း တည်ဆောက်ရေးစီမံကိန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း နမ္မတူမြို့နယ် မန်စံကျေးရွာရှိ ရွှေလီ–မန်စံ–ရွှေစာရံ ကေဗွီ ၂၃၀ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၂၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဩဂုတ် ၁၈ ရက် နံနက် ၉ နာရီတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပသော ရှမ်းပြည်နယ်(မြောက်ပိုင်း) ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✳

လယ်ယာမြေဧက ၄၀၀ကို ဆည်ရေပေးနိုင်မည့် ငွေးချိုရေလှောင်တမံ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် ဒေသဆန်ဖူလုံရေးအထောက်အကူပြု ယာမြေမှလယ်မြေသို့ ပြောင်းလဲ၍ တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်တော့မည်

ကွင်းဆင်းလေ့လာမေးမြန်းသူ
ကျော်စိန်

ဓာတ်ပုံမှတ်တမ်းတင်
အောင်သန်း(မင်္ဂလာတောင်ညွန့်)

ရန်ကုန် ဩဂုတ် ၂၀

မကွေးတိုင်း ပခုက္ကူခရိုင်သည် မြန်မာပြည်အလယ်ပိုင်း မိုးနည်းရေရှား ပူပြင်းခြောက်သွေ့သော ဒေသဖြစ်ပြီး နှစ်စဉ်မိုးရေချိန် ၁၉ လက်မမှ ၂၆ လက်မခန့်သာ ရွာသွန်းလေ့ရှိသည်။ ဒေသအတွင်း စိမ်းလန်းစိုပြည်ရေးနှင့် ဒေသဆန်ဖူလုံစေရေးတို့အတွက် ရွာသွန်းသည့်မိုးရေကို အလဟဿမဖြစ်စေဘဲ ဆည်၊ ကန်များတည်ဆောက်၍ ရေပေးဝေနိုင်ရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှုပြုခဲ့ပေသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ❒

မကွေးတိုင်း ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ငွေးချိုကျေးရွာအနီး ဆင်မဝင်းချောင်းကိုပိတ်၍ တမံအလျား ပေ ၂၁၀၀၊ အမြင့် ၅၇ ပေရှိပြီး လယ်မြေဧက ၄၀၀ ဆည်ရေပေးဝေနိုင်မည့် ငွေးချိုရေလှောင်တမံနှင့် ရေထိန်းမျှော်စင်ကို ရှင်မတောင် တောင်တန်း နောက်ခံပြု၍ ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

(၁၉)ကြိမ်မြောက် မာဒေးကားဖလား ဘောလုံးပြိုင်ပွဲ မြန်မာအသင်းက လီဆိုသိုကို ပွဲဦးထွက်အနိုင်ရရှိ

ရန်ကုန် ဩဂုတ် ၂၀

မလေးရှားနိုင်ငံ၏နှစ်(၅၀) ရွှေရတုလွတ်လပ်ရေး အထိမ်းအမှတ်အဖြစ် (၁၉)ကြိမ်မြောက် မာဒေးကားဖလား ဘောလုံးပြိုင်ပွဲကို မလေးရှားနိုင်ငံ၌ ယနေ့စတင် ယှဉ်ပြိုင်ကစားရာ မြန်မာအသင်းက လီဆိုသိုအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

သမိုင်းမှတ်တမ်း

မြန်မာအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ဒုတိယပိုင်း လေးမိနစ်တွင် စိုးမြတ်မင်းက သွင်းယူပေးသည်။ မြန်မာအသင်းနှင့် လီဆိုသိုအသင်းတို့သည် ဘောလုံးပြိုင်ပွဲသမိုင်းတစ်လျှောက်၌ တစ်ကြိမ်မျှ တွေ့ဆုံခဲ့ဖူးခြင်းမရှိရာ မြန်မာအသင်း၏ ယခုအနိုင်ရရှိမှုသည် သမိုင်းမှတ်တမ်းတစ်ခုပင်ဖြစ်သည်။

ယှဉ်ပြိုင်ကစားရမည်

မာဒေးကားဖလား လက်ရှိချန်ပီယံ မြန်မာအသင်းသည် ဩဂုတ် ၂၂ ရက်တွင် အုပ်စု ဒုတိယပွဲစဉ်အဖြစ် အိမ်ရှင်မလေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(မြန်မာ့အလင်း)